# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၇၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၈**

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အသင်း/အဖွဲ့များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းကြီးနှင့် မြန်မာနိုင်ငံအနှံ့အပြားမှ *စာမျက်နှာ ၄ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။




# ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာတိုးချဲ့စိုက်ပျိုးရေးအလေးပေး

ဆီထွက်သီးနှံနေကြာကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကြိုးပမ်းလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် ဆန်နှင့် ဆီသည် အဓိကအစားအစာများဖြစ်ရာ ဆန်သည် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု ဖူလုံသော်လည်း ဆီမှာ မဖူလုံသည့်အတွက် ပြည်ပမှ နှစ်စဉ်အမေရိကန်ဒေါ်လာ သန်းနှင့်ချီ၍ ဝယ်ယူစားသုံးနေကြရသည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်နှုန်းကောင်းမွန်ပြီး ကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ယခုကာလသည် ဆောင်းသီးနှံနေကြာစိုက်ပျိုးသည့် ရာသီဖြစ်သည့်အလျောက် လျာထားချက်များနှင့်အညီ တောင်သူများ စိုက်ပျိုးလာကြရေးအတွက် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့်အတူ နှိုးဆော်တိုက်တွန်းမှုများလည်း ပြုကြရမှာဖြစ်သည်။ နေကြာကို လာမည့်နှစ်တွင် ဧက ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးရေး ရည်မှန်းချက်ထားရှိရာ စည်းရုံးဆောင်ရွက်သွားကြရန်နှင့် စိုက်ဧက ၄ သန်းအထိ ရောက်ရှိစေရန်မှာ ဆက်လက်ဆောင်ရွက်သွားကြရမည့် ပန်းတိုင်ဖြစ်သည်။ နေကြာ၏ အားသာချက်များအနေဖြင့် ထုတ်လုပ်မှုစရိတ်သက်သာခြင်း၊ သီးသန့်ဖြစ်စေ သီးညှပ်ဖြစ်စေ စိုက်ပျိုးနိုင်ခြင်း၊ လယ်မြေများတွင် စပါးအပြီး၌လည်းကောင်း၊ ယာမြေများတွင် မိုးသီးနှံအပြီး၌လည်းကောင်း နေကြာကို စိုက်ပျိုးနိုင်ခြင်း စသည်တို့ကြောင့် တောင်သူတို့ အကျိုးဖြစ်ထွန်းစေမည့် သီးနှံပင်ဖြစ်သည်။

နေကြာအထွက်နှုန်းကောင်းရန် မျိုးကောင်း မျိုးသန့်ဖြစ်သော ရေဆင်း(၁) စပ်မျိုးနေကြာစိုက်ပျိုးပါက တစ်ဧကတင်း ၅၀ မှ ၅၅ တင်းအထိ ထွက်ရှိနိုင်သည်။ စိုက်ချိန်မှန်ကန်မှုရှိရန်လိုပြီး စိုက်ပျိုးမြေကို မြေဆီဩဇာထက်သန်စေရန်အတွက် သဘာဝမြေဩဇာ၊ ကွန်ပေါင်းဓာတ်မြေဩဇာတို့ ထည့်သွင်းပေးရန်လည်း လိုအပ်သည်။ အပင်ပေါက်ချိန်တွင် မြေအစိုဓာတ်လုံလောက်စေရန် လိုအပ်ပြီး တစ်ဧကလျှင်အပင်ပေါင်း ၂၉၀၀၀ ရရှိနိုင်ရန် တန်းကြား၊ ပင်ကြား ၂၄ x ၉ လက်မ ထားရှိရန်လိုသည်။ စိုက်ပျိုးမြေများ မြေဆီဩဇာထက်သန်ရေးနှင့် တစ်ဧကတွင် ဝင်ရမည့် ပင်ရေတို့က အထွက်နှုန်းအတွက် အရေးကြီးသည်။ ထို့အပြင် အဖူးဝင်ချိန်နှင့် ပန်းပွင့်ချိန်တို့တွင် ရေသွင်းပေးခြင်း၊ ဝတ်မှုန်ကူးခြင်း၊ အဆန်တည်ခြင်း ကောင်းမွန်စေရန် မွေးမြူရေးပျားပုံးများထားရှိခြင်း၊ ကြွက်၊ ငှက် အဖျက်နှင့် ပိုးမွှား၊ အပင်ရောဂါကျရောက်မှုများမှ ကာကွယ်ခြင်းတို့ဖြင့်လည်း နေကြာအထွက်နှုန်း တိုးတက်ကောင်းမွန်လာစေမည်ဖြစ်သည်။

နေကြာသည် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း စိုက်ပျိုးနိုင်သလို မြန်မာနိုင်ငံ ဒေသအနှံ့အပြား၌လည်း အောင်မြင်စွာ စိုက်ပျိုးနိုင်ခြင်းကြောင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် စိုက်ဧကတိုးချဲ့ရေးတို့အတွက် အလားအလာကောင်းများစွာရှိသော သီးနှံဖြစ်သည်။ ပြည်ပမှ တင်သွင်းလာသည့် စားအုန်းဆီကဲ့သို့သော ပြိုင်ဘက်မျိုးကို ယှဉ်ပြိုင်ရန်အတွက် မြေပဲနှင့် နှမ်းတို့ထက် နေကြာက ဈေးနှုန်းသင့်တင့်လျောက်ပတ်မှုနှင့် ကျန်းမာရေးအတွက် ကောင်းမွန်စေသည့် အားသာချက်တို့ရှိနေရာ ဆီထွက်သီးနှံနေကြာကို ဈေးကွက်သေချာစေခြင်းဖြင့် စိုက်ဧကတိုးချဲ့စေပြီး ရေရှည်တွင် ပြည်တွင်းစားသုံးဆီဖူလုံစေရမည်ဖြစ်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား

“ အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့
UNCAC AT 20 : UNITING THE WORLD AGAINST CORRUPTION”

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

## အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပမည်

၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို မဲခွဲဆုံးဖြတ်၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းခဲ့သော ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိသည့်နည်းတူ မိမိနိုင်ငံတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

(၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၊ ကျောက်စိမ်းခန်းမ၌ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနား

DIGNITY, FREEDOM AND JUSTICE FOR ALL

နေပြည်တော်၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်

## ပုဗ္ဗန်တောင်မြို့နယ် အထက်တန်းကျောင်းများ၌ သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၈



ယနေ့ကာလတွင် သတင်းအတု သတင်းအမှားများကြောင့် မလိုလားအပ်သော ဖြစ်စဉ်များ ပေါ်ပေါက်လျက်ရှိသဖြင့် ကျောင်းသားလူငယ်များ သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး၊ နိုင်ငံတော်မှ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် ဘက်စုံမှ အားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးနေသည်ကို နားလည်သိရှိရေးနှင့် မိဘဆရာများ၏ သွန်သင်ဆုံးမမှုကို နာခံကာ ထူးချွန်ထက်မြက်သော လူငယ်များဖြစ်လာစေရေးတို့အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ အသိပညာပေး ဟောပြောပွဲများကို အ-ထ-က(၁) ပုဗ္ဗန်တောင်၌ ဒီဇင်ဘာ၇ရက်တွင်လည်းကောင်း၊ အ-ထ-က (၂)၊ အ-ထ-က(၃)၊ အ-ထ-က (၄) ပုဗ္ဗန်တောင်၌ ဒီဇင်ဘာ ၈ ရက်တွင်လည်း ကျင်းပသည်။

အဆိုပါအထက်တန်းကျောင်းနှစ်ကျောင်း၏ အသိပညာပေးဟောပြောပွဲများသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးတင်မောင်ဦး(ကြို့ပင်ကောက်-တင်မောင်ဦး)နှင့် ဦးအောင်ပြည့်စုံ (အောင်ပြည့်စုံ)တို့က ဆွေးနွေးဟောပြောကြပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက သတင်းမီဒီယာဆိုင်ရာနှင့် အခြားစာပေဗဟုသုတဖြစ်ဖွယ် သိမှတ်ဖွယ်ရာစာအုပ်များကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်း

( ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် )



ယနေ့စတင်ကျင်းပတဲ့ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ မြန်မာ့တိုင်းရင်းဆေးသမားတော်များနဲ့ နှီးနွှယ်ပညာရှင်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း အခုလို အေးမြတဲ့ ဥတုရာသီကာလမှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များနဲ့ နှီးနွှယ်ပညာရှင်များ၊ ပျော်ရွှင်ချမ်းမြေ့စွာ၊ ချစ်ခင်ရင်းနှီးစွာဆုံတွေ့ကြပြီး အသိပညာနဲ့အတွေ့အကြုံတွေ ဖလှယ်ခွင့်ရရှိခဲ့တာ အခုနှစ်ဆိုလျှင် (၂၁)ကြိမ်မြောက်ခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းမှာရှိတဲ့ တိုင်းရင်းဆေးသမားတော် မျိုးဆက်အဆင့်ဆင့်တွေ နှစ်စဉ်မပျက်မကွက်တက်ရောက်ခဲ့ကြတဲ့ အစဉ်အလာအတိုင်း အခုနှစ်မှာလည်း မြန်မာ့တိုင်းရင်းဆေးပညာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးသမားတော်များ စုံစုံညီညီ ပါဝင်တက်ရောက်၊ ဆွေးနွေးညှိနှိုင်း၊ တိုင်ပင်ကြမယ့် ညီလာခံအခါသမယမှာ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ကြည်နူးဝမ်းမြောက်စွာနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ ရှေးဘုရင်များလက်ထက် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်စတဲ့ ခေတ်အဆက်ဆက်ကတည်းက ထွန်းကားလာခဲ့တဲ့ ဆေးပညာတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ အားကိုးယုံကြည်စွာနဲ့ လက်ဆင့်ကမ်းသုံးစွဲခဲ့ကြတဲ့ ဆေးပညာလည်းဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ နေထိုင်ကြကာ ကျန်းမာအသက်ရှည်ခဲ့ကြပြီး နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြပါတယ်။ မြန်မာ့ဆေးပညာဟာ နယကြီးလေးပါးနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်တဲ့အတွက် မြန်မာ့ရေမြေသဘာဝနဲ့ ကိုက်ညီပြီး တခြားနိုင်ငံတွေက ဆေးဝါးတွေနဲ့မတူဘဲ အဆင့်မီတဲ့ ယှဉ်ဖက်ဆေးပညာတစ်ရပ်အဖြစ်နဲ့ သမိုင်းအဆက်ဆက် အစဉ်အလာကြီးမားခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

## တိုင်းရင်းဆေးပညာရှင်များနဲ့ တက်ရောက်လာကြသူများခင်ဗျား

အခုလို တိုင်းရင်းဆေးပညာရှင်များရဲ့ စည်းလုံးညီညွတ်မှုနဲ့ ပြည်သူလူထု ကျန်းမာရေးကိုအထောက်အကူပြုနိုင်ဖို့ အားထုတ်ကြိုးပမ်းကြတဲ့ မြင်ကွင်းကို တွေ့မြင်ရတဲ့အတွက်လည်း နှစ်ထောင်းအားရများစွာဖြစ်မိပါတယ်။ စည်းလုံးညီညွတ်မှုဆိုတာမျိုးဟာ မည်သည့်အဖွဲ့အစည်းအတွက်မဆို တောင့်တင်းခိုင်မာတဲ့ ခွန်အားတစ်ရပ်ဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာလည်း စည်းလုံးညီညွတ်မှုကို တန်ဖိုးထားကြသူများဖြစ်ပြီး စည်းလုံးညီညွတ်မှုအားဖြင့် တိုင်းပြည်နဲ့လူမျိုးကို အကျိုးပြုနေတယ်လို့ယုံကြည်မိပါတယ်။ တကယ်တမ်းစဉ်းစားကြည့်မယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာ **ကုသိုလ်လည်းရ ဝမ်းလည်းဝ** ဆိုတဲ့ မြင့်မြတ်တဲ့ အသက်မွေးဝမ်းကျောင်းအတတ်ပညာကို ပိုင်ဆိုင်သူများဖြစ်ကြပြီး နိုင်ငံနဲ့လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာနဲ့ အားကိုးအားထားပြုနေရတဲ့ ပညာရှင်များဖြစ်ကြပါတယ်။ မိမိတို့လူမျိုး ဘိုးဘေးဘီဘင် အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့တဲ့ အမွေအနှစ်များထဲက အဓိကကျပြီး ပြည်သူအတွက် အလိုအပ်ဆုံးဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမွေခံထိန်းသိမ်းစောင့်ရှောက်လာကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များကို ထာဝစဉ် ဂုဏ်ယူလေးစားလျက်ရှိကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။

> ✳ **သိမ်မွေ့နက်နဲတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးကျမ်းများနဲ့ အာနိသင်ထက်မြက်တဲ့ ဆေးဝါးများရဲ့ အနှစ်သာရ အဆီအနှစ်တွေကိုစုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ဖြစ်ထွန်းရပ်တည်နေစေဖို့ စုပေါင်းစွမ်းအားနဲ့ အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြဖို့ကိုလည်း ထပ်လောင်းမှာကြားလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာအမွေအနှစ်ဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အရိုးပေါ် အရွက်မဖုံးစေဘဲ အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားဖို့လည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။**

အခုနှစ်ညီလာခံမှာ တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများအနေနဲ့ မြန်မာ့တိုင်းရင်းဆေးလောကဘက်စုံအဆင့်အတန်းမြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့ရဲ့ အရည်အချင်းနဲ့ ကျင့်ဝတ်ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနည်းပညာတွေ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်းပြည်ပရှိ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့ မှန်ကန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်များကို အခြေခံပြီး ဆွေးနွေး၊ တိုင်ပင်၊ နှီးနှောဖလှယ်ကြမှာဖြစ်လို့ အကျိုးရှိမယ့်ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာဖြစ်ကြောင်း ယုံကြည်မိပါတယ်။ ဒါ့အပြင် မြန်မာ့ရိုးရာတိုင်းရင်းဆေးကုထုံး ဆိုင်ရာ အတွေ့အကြုံတွေနဲ့ ပညာရပ်ဆိုင်ရာ အယူအဆတွေကိုပါ နှီးနှောဖလှယ်ကြမှာ ဖြစ်လို့ တိုင်းရင်းဆေးပညာအမွေအနှစ်များ၊ ပေးဝေသူနဲ့ ဆက်ခံသူတို့ရဲ့ အနာဂတ်အတွက် အဖိုးတန်မွန်မြတ်လှတဲ့ တွေ့ဆုံပွဲလို့ ဆိုရမှာဖြစ်ပါတယ်။

ယခုခေတ်ကာလမှာ အနောက်တိုင်းဆေးပညာဟာ ဖွံ့ဖြိုးတိုးတက်လာတာမှန်ပေမယ့် ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ ပြည်သူတွေဟာ မိမိတို့ရဲ့ သဘာဝတိုင်းရင်းဆေးများနဲ့ကုသတဲ့ တိုင်းရင်းဆေးကုထုံးတွေကို လက်မလွှတ်ဘဲ အားကိုးအားထားပြု သုံးစွဲ ကုသနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တစ်မျိုးသားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးကို ဦးတည်ချက်ထားပြီး လတ်တလောဖြစ်ပွားနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရေးကို ရှေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ ကမ္ဘာတစ်ဝန်းလုံးရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ဗီဇမျိုးကွဲ အမျိုးမျိုးပြောင်းလဲပြီး ကူးစက်မှုနှုန်း မြန်ဆန်ရုံသာမက အချိန်တိုအတွင်း ကင်းစင်ပပျောက်စေနိုင်မယ့် ရောဂါမျိုးမဟုတ်ဘဲ ဆက်လက်တည်ရှိနေနိုင်သေးတာကြောင့် နိုင်ငံတကာမှာ သူတို့ရဲ့ တိုင်းရင်းဆေးနဲ့ ကာကွယ်ကုသနိုင်ဖို့ ဆောင်ရွက်နေကြတဲ့နည်းတူ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ကာကွယ်ကုသနိုင်မယ့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ဆိုးဆိုးရွားရွား တွေ့ကြုံခံစားခဲ့ရပေမယ့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ကာကွယ်ကုသရေးများကို အလေးထားစီမံဆောင်ရွက်ခဲ့သလို တာဝန်ရှိသူများနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း တက်ညီလက်ညီနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ခဲ့ကြလို့ အချိန်တိုအတွင်းမှာ ကူးစက်ပြန့်ပွားမှုနဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်နိုင်ခဲ့ကြတဲ့အတွက် တာဝန်ရှိသူများနဲ့ တိုင်းရင်းသားပြည်သူများအားလုံးကို ကျေးဇူးတင်ကြောင်းကိုလည်း အခါအခွင့်သင့်တုန်းမှာ ပြောကြားလိုပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ကုသနိုင်မယ့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ နဲ့ အလားတူရာသီတုပ်ကွေးရောဂါများမှာ အသုံးပြုနိုင်မယ့် မာဓဝနိဒါန်းဆေးကျမ်းလာ ဆေးခါးကြီးပါဝင်တဲ့ ဝိသမအဖျားပျောက်ဆေးကို အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ လူနာများမှာ အန္တရာယ်ကင်းရှင်းပြီး ဘေးကင်းလုံခြုံမှုရှိဖို့အတွက် လတ်တလောအဆိပ်အာနိသင်နဲ့ ရေတို အဆိပ် အာနိသင် ရှိ/မရှိ တို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ ဆေးရဲ့ခံနိုင်ရည်အားကို မိမိဆန္ဒအလျောက် သုတေသနစမ်းသပ်မှုတွင် ပါဝင်လိုတဲ့ ကျန်းမာတဲ့ လူများအပေါ်မှာ စမ်းသပ်ခြင်း၊ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ အတည်ပြုသာမန်

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

လက္ခဏာရှိတဲ့ လူနာများပေါ်မှာ စမ်းသပ်ခြင်း၊ သုတေသနအဆင့်ဆင့်တို့ကို ပြုလုပ်ပြီး ဆေးဝါးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိနေတာကြောင့် တိုင်းရင်းဆေးပညာရှင်များအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသခြင်းဆိုင်ရာ လမ်းညွှန်များ ချမှတ်ဆောင်ရွက်လျက်ရှိကြတာကို အားရဖွယ်ရာ တွေ့မြင်ရပါတယ်။ မိမိတို့ရဲ့ သွေးရင်းသားရင်းများဖြစ်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို မိမိတို့ရဲ့ ပြည်တွင်းတိုင်းရင်းဆေးဝါးများနဲ့ ထိထိရောက်ရောက်ကာကွယ်ကုသနိုင်ရေး ပိုမိုကြိုးစားကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။

**တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ တိုင်းရင်းဆေးပညာရှင်များခင်ဗျား**

မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာ ခေတ်အဆက်ဆက်တိုင်းရင်းဆေးဝါးများကို အသုံးပြုပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြတာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာနဲ့ဆေးဝါးများ နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မယ့် အစွမ်းထက်မြက်တဲ့ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းတွေ၊ ကုသနည်းကုထုံးများ ပေါ်ထွက်လာစေရေးတို့အတွက် ဆေးပစ္စည်းများ၏ စံချိန်စံညွှန်းများရေးဆွဲခြင်း၊ တိုင်းရင်းဆေးဝါးများအား သိပ္ပံနည်းကျသုတေသနပြုခြင်းများ ဆောင်ရွက်ရာမှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ လိုအပ်မည်ဖြစ်ကြောင်းကိုလည်း မှာကြားတိုက်တွန်းလိုပါတယ်။

သိမ်မွေ့နက်နဲတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးကျမ်းများနဲ့ အာနိသင်ထက်မြက်တဲ့ ဆေးဝါးများရဲ့ အနှစ်သာရအဆီအနှစ်တွေကိုစုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ဖြစ်ထွန်းရပ်တည်နေစေဖို့ စုပေါင်းစွမ်းအားနဲ့ အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြဖို့ကိုလည်း ထပ်လောင်းမှာကြားလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာအမွေအနှစ်ဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အရိုးပေါ် အရွက်မဖုံးစေဘဲ အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားဖို့လည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ယနေ့အချိန်အခါမှာ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အထူးအားပေးဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်လို့ ကောင်စီရဲ့ များပြားကြီးမားတဲ့ တာဝန်တွေထဲက တိုင်းရင်းဆေးပညာရှင်များရဲ့ ဆေးပညာကျင့်ဝတ် ထိန်းသိမ်းခြင်းကိုလည်း အလေးထားဆောင်ရွက်ပေးစေလိုကြောင်း မှာကြားလိုပါတယ်။

အခုလို မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်းဟာလည်း မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်လျက်ရှိပါတယ်။ ဒီလိုညီလာခံနဲ့ နီးနှောဖလှယ်ပွဲတွေ ကျင်းပနိုင်ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နီးနွယ်ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေက ပညာရှင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်းကြီးနဲ့ မြန်မာနိုင်ငံအနှံ့အပြားက တိုင်းရင်းဆေးသမားတော် ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နဲ့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း စတဲ့သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ကဏ္ဍပေါင်းစုံက ကိုယ်စားလှယ်တော်ကြီးများ ဆုံစည်းဆွေးနွေးဖလှယ်ခွင့် ရရှိနိုင်ကြတာဖြစ်လို့ အထူးပဲအကျိုးဖြစ်ထွန်းစေမယ်လို့ ယုံကြည်မိပါတယ်။

ယခု (၂၁)ကြိမ်မြောက်၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲမှာ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ချစ်ခင်ရင်းနှီး၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်နီးနှောကြပြီး နိုင်ငံနှင့် ပြည်သူအတွက် မြန်မာ့တိုင်းရင်းဆေးပညာလောက ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ကြပါစေ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများမှာ တိုင်းရင်းဆေးပညာနဲ့ ပိုမိုတိုးမြှင့်စောင့်ရှောက်နိုင်ကြရေးအတွက် ပူးပေါင်းကြံဆောင်၍ အဆိုပြုချက်များတင်သွင်းခြင်း၊ ဝိုင်းဝန်းဆွေးနွေးအကြံပြုခြင်းတို့ဖြင့် အကျိုးရှိကောင်းမွန်တဲ့ရလဒ်များ ရရှိနိုင်ကြပါစေကြောင်း ဆုမွန်တောင်းမေတ္တာပို့သလျက် နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။**

❖ *ရှေ့ဖုံးမှ*

တိုင်းရင်းဆေးသမားတော် ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့် တိုင်းရင်းဆေးသမားတော်ကြီး ဦးသန်းညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်းကို ဖွင့်လှစ်ပြသသည်။



(၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးနှင့် တိုင်းရင်းဆေးသမားတော်ကြီး ဦးသန်းညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံအား စာမျက်နှာ-၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက်မှ ယနေ့ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သည့် အမျိုးသား

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဆေးပညာတစ်ရပ်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ၏ ပင်မရေသောက်မြစ်ဖြစ်သည့် ဒေသနာ နယ၊ ဘေသဇ္ဇ နယ၊ ဝိဇ္ဇာဓရ နယနှင့် နက္ခတ္တ နယ ဟူသော နယကြီးလေးပါးတို့ကို အခြေတည်ထားသော လက်တွေ့ကုသပျောက်ကင်းမှု မှတ်တမ်းများကို အခြေပြု၍ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည့်ခေတ်အဆက်ဆက်တွင်လည်း ဆေးပညာဆိုင်ရာ ပေပုရပိုက်များ၊ စာပေကျမ်းဂန်များနှင့် ဆေးကျမ်းများ ရေးသားပြုစုကာ တိုင်းရင်းဆေးပညာကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြကြောင်း ဦးစွာပြောကြားသည်။

**နှစ်စဉ်ဆောင်ရွက်လျက်ရှိ**

ထို့နောက် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲများကို ၂၀၀၀ ပြည့်နှစ် က စတင်၍ နိုင်ငံတော်အဆင့် နှစ်စဉ်ကျင်းပခဲ့ပြီး ယခုဆိုလျှင် (၂၁) ကြိမ်မြောက် ရှိပြီဖြစ်သည့် အခြေအနေများ၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ခြင်းဆိုင်ရာ သုတေသနများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး သုတေသနတွေ့ရှိချက်များကို မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံနှင့် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲများတွင် တင်သွင်းဖတ်ကြားကြခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံသော သုတေသနများ ဆက်လက်ဆောင်ရွက်လာနိုင်စေပြီး တိုင်းရင်းဆေးပညာရပ် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့် အခြေအနေများ၊ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များ၊ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲနှင့် ညှိနှိုင်းဆွေးနွေးနိုင်မည့် အခြေအနေများ၊ အဆိုပြုချက်များ၊ ထောက်ခံချက်များ၊ တင်ပြဆွေးနွေးချက်များမှ ထွက်ပေါ်လာသော လုပ်ဆောင်သင့်သည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် အခြေအနေများ၊ မျိုးဆက်သစ် တိုင်းရင်းဆေးသမားတော်များအနေဖြင့်လည်း မြန်မာတိုင်းရင်းဆေးပညာကို ဂုဏ်ယူဝင့်ကြွားစွာ ချပြနိုင်ရန်နှင့် သုတေသနလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ပြီး တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများ၊ မြန်မာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ MSME လုပ်ငန်းများ အောင်မြင်ရေးတွင်လည်း တစ်ခန်းတစ်ကဏ္ဍမှပါဝင်သည့်အတွက် နိုင်ငံတော်၏ GDP တိုးတက်မြင့်မားမှုကိုလည်း အထောက်အကူပြုနိုင်မှု အခြေအနေများ၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်အနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဆောင်ရွက်ချက်မှတ်တမ်း Video ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီ

**“ မြန်မာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ MSME လုပ်ငန်းများ အောင်မြင်ရေးတွင်လည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်သည့်အတွက် နိုင်ငံတော်၏ GDP တိုးတက်မြင့်မားမှုကိုလည်း အထောက်အကူပြုနိုင်မှုအခြေအနေများ၊ နိုင်ငံတော်အနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ဆွေးနွေး”**

ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်၍ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဆက်လက်ကျင်းပသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်ကြီးများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်းနှင့် ညစာစားပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဝန်ထမ်းများက မြန်မာ့ရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့သည်။ ညစာစားပွဲအပြီးတွင် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဝန်ထမ်းများအား (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဂုဏ်ပြုညစာစားပွဲ၌ ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ
















# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနိုးနှောဖလှယ်ပွဲမှ စကားသံများ


ဒေါ်စုစုမွေး


ဦးသန်းညွန့်


ဦးမြင့်ဦး


ဒေါ်စိုးစိုးယဉ်


ဒေါ်စန္ဒာဝင်း


ဦးအောင်စိုးလွင်


ဒေါ်ကြည်မွေး


ဒေါက်တာသိန်းဇော်လင်း


ဒေါ်ကြည်ကြည်သန်း

နှယ်မြက်သစ်ပင် ဆေးဖက်ဝင်၏ဟု ဆိုသည့်အတိုင်း ရှေးခေတ်အဆက်ဆက်မှ တည်ရှိခဲ့သည့် မြန်မာ့တိုင်းရင်းဆေးပညာသည် ယနေ့မျက်မှောက်ခေတ်ကာလတိုင်အောင် အစဉ်အဆက် အားကိုးအားထား ပြုနေရဆဲဖြစ်သည်။

မြန်မာတိုင်းရင်းဆေးနှင့် ကုထုံးများ မတိမ်ကောမပပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ဖွံ့ဖြိုးတိုးတက်လာသည့် မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာအမွေအနှစ် အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ခိုင်မာစွာရပ်တည်လျက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာ နိုးနှောဖလှယ်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ယနေ့ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြခန်းတာဝန်ခံများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနှင့် တိုင်းရင်းဆေးထုတ်လုပ်သူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါ်စုစုမွေး (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)**

မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို တိုင်းရင်းဆေးပညာတိုးတက်ဖို့၊ တိုင်းရင်းဆေးဝါးထုတ်လုပ်တဲ့ လုပ်ငန်းစနစ်ကျဖို့၊ တိုင်းရင်းဆေးသမားတော်များဟာ ကျင့်ဝတ်သိက္ခာနဲ့အညီ ဆောင်ရွက်ကြဖို့ ရည်ရွယ်ချက်သုံးခုနဲ့ ကျင်းပတာဖြစ်ပါတယ်။ ညီလာခံကျင်းပခြင်းဖြင့် ပိုမိုအစွမ်းထက်ကောင်းမွန်တဲ့ တိုင်းရင်းဆေးဝါးတွေကို ဖော်ထုတ်လာမယ်။ တိုင်းရင်းဆေးပညာရှင်တွေအနေနဲ့ အသိပညာ၊ အတတ်ပညာ၊ ကုထုံးတွေပိုမိုတိုးတက်မြင့်မားလာပြီး ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုမိုပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီပွဲမှာ တိုင်းရင်းဆေးလုပ်ငန်းရှင်တွေလည်းပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း ပိုမိုစိတ်ချယုံကြည်ရတဲ့ တိုင်းရင်းဆေးတွေကို နည်းပညာအသစ်အဆန်းတွေနဲ့ ထပ်မံထုတ်လုပ်နိုင်လာမှာ ဖြစ်ပါတယ်။

ညီလာခံမှာ တိုင်းရင်းဆေးပညာရဲ့အခြေခံဖြစ်တဲ့ နယကြီးလေးပါးကို ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပြီး အစွမ်းထက်တိုင်းရင်းဆေးဝါးတွေကို ဖော်ထုတ်ဖို့၊ တိုင်းရင်းဆေးဆရာတွေ လိုက်နာရမယ့် ကျင့်ဝတ်တွေကိုလိုက်နာပြီး ကျင့်ကြံဆောင်ရွက်ကြဖို့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ အိမ်တိုင်း၊ မိသားစုတိုင်းမှာ မြန်မာတိုင်းရင်းဆေးတွေရှိပါတယ်။ ပြည်သူတွေအနေနဲ့ ယုံယုံကြည်ကြည်သုံးစွဲနေကြပါတယ်။ ခေတ်မီတိုးတက်လာပြီဆိုတော့ ရိုးရာကိုပဲသုံးသုံး ခေတ်မီနည်းပညာကိုပဲဖော်ဖော် ဖော်လာတဲ့ တိုင်းရင်းဆေးက ပြည်သူလူထုအတွက် ဘေးကင်းလုံခြုံစိတ်ချပြီး အစွမ်းထက်တဲ့ တိုင်းရင်းဆေးတွေဖြစ်အောင် တိုင်းရင်းဆေးပညာဦးစီးဌာနအပါအဝင် တိုင်းရင်းဆေးပညာရှင်တွေ၊ ထုတ်လုပ်တဲ့လုပ်ငန်းရှင်တွေ၊ တိုင်းရင်းဆေးကောင်စီဝင်တွေအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေပါတယ်။

**ဦးသန်းညွန့် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)**

ဒီနေ့ကျင်းပတဲ့ ညီလာခံနဲ့ နိုးနှောဖလှယ်ပွဲမှာ ပါဝင်ပြသထားတဲ့ တိုင်းရင်းဆေးပြခန်းတွေဟာ တိုင်းရင်းဆေးပညာအတွက် အရေးကြီးပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြား လုပ်တာက ပြခန်းတွေ ပါဝင်လာတာဖြစ်ပါတယ်။ ဒီနှစ်မှာ စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ပြန်လည်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် အနယ်နယ်အရပ်ရပ်က တိုင်းရင်းဆေးသမားတော်ကြီးတွေ တစ်ဦးနဲ့တစ်ဦး ဆုံတွေ့ခွင့်ရတယ်။ပညာရပ်တွေ နိုးနှောဖလှယ်ခွင့်ရတယ်။ ကိုယ့်တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် ဆောင်ရွက်မှုတွေကို မျှဝေခွင့်ရတဲ့အတွက် အင်မတန်မှ ကောင်းပါတယ်။ နောက်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတာရှိပါတယ်။ ဒီလိုတိုင်းရင်းဆေးညီလာခံကြီးတွေလုပ်ပြီး ဖလှယ်ကြ၊ ဆွေးနွေးကြ၊ အကြံဉာဏ်တွေပေးကြတယ်ဆိုရင် ဒီထက်ပိုကောင်းတဲ့ တိုးတက်မှုတွေရလာမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်ကြည်မွေး**

တိုင်းရင်းဆေးပညာဟာ ခေတ်အဆက်ဆက်အမွေထိန်းလာတဲ့ ပညာရပ်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမျိုးသားရေး ဆေးပညာတစ်ရပ်လို့ ပြောလို့ရပါတယ်။ ပြည်သူတွေကလည်း ဒီနေ့အထိ တိုင်းရင်းဆေးအပေါ်မှာ အားကိုးပြီးသုံးစွဲနေတာဟာ အများအသိလည်းဖြစ်ပါတယ်။ ဒါပေမယ့် ခေတ်နဲ့အညီ တိုးတက်အောင်ဆောင်ရွက်ဖို့ လိုလာပါတယ်။ ခေတ်နဲ့အညီ ရင်ပေါင်တန်းပြီး ပညာရပ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ ကျွန်တော်တို့ ဦးစီးဌာနရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဦးစီးဌာနက ဆေးဝါးတွေကို တရားဝင်ဈေးကွက်ထဲမှာ ရောင်းချနိုင်အောင် မှတ်ပုံတင်ပေးတာတွေ၊ လိုင်စင်ထုတ်ပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။

**ဦးမြင့်ဦး (ဥက္ကဋ္ဌ-မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ)**

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအနေနဲ့ တိုင်းရင်းဆေးဆရာတွေ လိုက်နာရမယ့် ကျင့်ဝတ်၊ သိက္ခာတွေကို အဓိကထား ပြသဆွေးနွေးပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှာ ရည်ရွယ်ချက်တွေရှိပါတယ်။ ရည်ရွယ်ချက် ခုနစ်ချက်အနက် တိုင်းရင်းဆေးဆရာများဟာ မိမိတို့ရဲ့ ကျင့်ဝတ်၊ သိက္ခာနဲ့ စည်းကမ်းများကို လိုက်နာစေရေး ကြီးကြပ်ထိန်းသိမ်းရန်ဆိုတဲ့ အချက်က အဓိကကျပါတယ်။ ဒါကို တိုင်းရင်းဆေးဆရာတွေ သိရှိလိုက်နာကြဖို့ အဓိကထားပြသတာဖြစ်ပါတယ်။

**ဒေါက်တာသိန်းဇော်လင်း**

မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နိုးနှောဖလှယ်ပွဲမှာ အဆိုငါးရပ်နဲ့ ရိုးရာတိုင်းရင်းဆေးပညာ အကြောင်းကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းဆေးတွေ တစ်ဖုံဖော်တိုင်း သုတေသနအဆင့်ဆင့် ဆောင်ရွက်ရပါတယ်။ အဆင့်ဆင့်ဓာတ်ခွဲပြီး လုံးဝဘေးကင်းလုံခြုံစိတ်ချရပြီဆိုမှ ဆေးဝါးမှတ်ပုံတင်ရပါတယ်။ ဒါကြောင့် ဆေးဝါးမှတ်ပုံတင်ပါတဲ့ တိုင်းရင်းဆေးတွေကို စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ပြောကြားလိုပါတယ်။

**ဒေါ်စိုးစိုးယဉ်**
**(ကရင်ပြည်နယ် ပြခန်းတာဝန်ခံ)**

ကရင်ပြည်နယ် ဒေသထွက် တိုင်းရင်းဆေးဝါးပစ္စည်းတွေနဲ့ ဆေးပင်တွေကို ဒီနေ့မှာ လာရောက်ပြသတာဖြစ်ပါတယ်။ ကရင်ပြည်နယ်ထွက် တိုင်းရင်းဆေးတွေကို ကရင်ပြည်နယ်အတွင်းသာမက ကျန်တဲ့တိုင်းဒေသကြီးနဲ့ပြည်နယ်တွေပါသိရှိနိုင်စေဖို့ ရည်ရွယ်ပါတယ်။ ကရင်ပြည်နယ်မှာ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံနဲ့ တိုင်းရင်းဆေးကုဌာန ခုနစ်ခုကနေ ပြည်နယ်အတွင်းမှာ ဆေးကုသရေးလုပ်ငန်းတွေနဲ့ ပညာပေး ဟောပြောပွဲတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။ ကုသရေးနဲ့ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကို အဓိကဆောင်ရွက်ပါတယ်။ တိုင်းရင်းဆေးတွေကို ပြည်သူတွေ ယခင်ကထက် ပိုမိုသုံးစွဲလာနေကြပါပြီလို့ ပြောကြားလိုပါတယ်။

**ဒေါ်စန္ဒာဝင်း**
**(ဒေဝယက္ခတိုင်းရင်းဆေးတိုက်)**

ဒီပွဲမှာ ပဲခူးတိုင်းဒေသကြီးက ထွက်တဲ့ တိုင်းရင်းဆေးတွေကို တာဝန်ယူလာရောက် ပြသပေးခြင်းဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်းမှာ နိုင်ငံခြားဆေးတွေ ဈေးကွက်အတွင်း ပြတ်လပ်သွားခဲ့ပါတယ်။ ဒီအချိန်မှာ တိုင်းရင်းဆေးကို အများဆုံး ယုံယုံကြည်ကြည်နဲ့ သုံးစွဲလာကြတယ်။ ဒါကြောင့် ကျွန်မတို့တိုင်းရင်းဆေးတွေကို ဒီထက်မက ကောင်းအောင်ထုတ်လုပ်ပြီး ပြည်သူတွေလည်း ယုံကြည်စွာနဲ့ သုံးစွဲနေချိန်မှာ နိုင်ငံတော်အကြီးအကဲကလည်း ပံ့ပိုးပေးနေတဲ့အတွက် မြန်မာတိုင်းရင်းဆေးကို ဒီထက်မကတိုးတက်အောင် ဆောင်ရွက်နေပါတယ်။

**ဦးအောင်စိုးလွင် (ဆေးရုံအုပ်ကြီး၊ ခုတင် ၅၀ ဆံ့တိုင်းရင်းဆေးရုံ၊ ပဲခူးမြို့)**

ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအနေနဲ့ ဒီနေ့မှာတိုင်းရင်းဆေးထုတ်လုပ်ရေး ၁၁ ခုနဲ့ ဆေးဝါးအမျိုးအမည် ၂၉ မျိုးပြသထားပါတယ်။ ဒီနှစ်ပြုလုပ်တဲ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ တိုင်းရင်းဆေးပညာရှင်များ နိုးနှောဖလှယ်ပွဲဟာ ထူးခြားလေးနက်ပါတယ်။ ယခင်နှစ်ကဆိုရင် တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေကသာ ပြသပြီးတော့ ဒီနှစ်ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကိုယ်စားပြုပြခန်းငယ်တွေ ဖွင့်လှစ်ပြသခွင့်ပေးတာဟာ အင်မတန်ထူးခြားတယ်လို့ ပြောလိုပါတယ်။ အခုညီလာခံနဲ့ နိုးနှောဖလှယ်ပွဲမှာ တိုင်းရင်းဆေးအသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ တိုင်းရင်းဆေးပညာဟာ မြန်မာမှာသာမက ကမ္ဘာ့နိုင်ငံအသီးသီးကို ထိုးဖောက်ပြီး နိုင်ငံတော်ဘဏ္ဍာငွေတောင် ရှာဖွေပေးနိုင်တဲ့ ဆေးဝါးတွေဖြစ်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံအနှံ့အပြားက သမားတော်ကြီးတွေ၊ ကျွန်တော်တို့ရဲ့ ဆရာသမားတွေ၊ အပေါင်းအသင်းတွေ ဒီနေရာမှာ တစ်စုတစ်ဝေးတည်း လာရောက်တွေ့ဆုံရတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ *စာမျက်နှာ ၈ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာကိစ္စ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက် တို့ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



# နိုင်ငံခြားရေးဝန်ထမ်းများသည် Diplomacy is the first line of Defence ဆိုသည့် စကားရပ်နှင့်အညီ သံခင်းတမန်ခင်းနည်းလမ်းတွေဖြင့် နိုင်ငံ၏အချုပ်အခြာအာဏာကို ရှေ့တန်းမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရသူများဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့်အရာထမ်း၊အမှုထမ်းများအား ပြည်ထောင်စုဝန်ကြီးများမှ တွေ့ဆုံ အမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရေဝတီခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ တက်ရောက်ကြသည်။



အခမ်းအနားတွင် သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန် ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများက တစ်ဦးချင်းစီအနေဖြင့် ၎င်းတို့သွားရောက် တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် က ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအားလုံးကို ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကားပြောကြားလိုကြောင်း၊ နိုင်ငံ၏ အချုပ်အခြာအာဏာ မဆုံးရှုံးစေရေးနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ထမ်းများသည် Diplomacy is the first line of Defence ဆိုသည့် စကားရပ်နှင့်အညီ သံခင်းတမန်ခင်းနည်းလမ်းတွေဖြင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို ရှေ့တန်းမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရသူများဖြစ်ကြောင်း၊ မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး ပေးအပ်သည့် တာဝန်များကို သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းရွက်ကြသည့် ဝန်ထမ်းများကို ဝန်ကြီးဌာနအနေဖြင့် လေးလေးနက်နက် စိစစ်သုံးသပ်ပြီးမှ ယခုကဲ့သို့ ရွေးချယ်တာဝန်ပေး စေလွှတ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သွားရောက်တာဝန် ထမ်းဆောင်ကြမည့် သံတမန် ဝန်ထမ်းများအနေဖြင့် သံတမန်များ လိုက်နာဆောင်ရွက်ရမည့် အဓိကလုပ်ငန်းတာဝန် (၅) ရပ်ကို လိုက်နာတာဝန်ကျေကြရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ အဓိကလုပ်ငန်းတာဝန် (၅) ရပ်အနေဖြင့် Representation (နိုင်ငံကိုကိုယ်စားပြုခြင်း)၊ Protection (ကာကွယ် စောင့်ရှောက်ခြင်း)၊ Negotiation (စေ့စပ်ညှိနှိုင်းခြင်း)၊ Reporting (သတင်းအချက်အလက်များစုဆောင်း၍ ပြန်လည်တင်ပြအစီရင်ခံခြင်း) နှင့် Promotion (နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ခြင်း) တို့ဖြစ်ကြောင်း၊ နိုင်ငံကို ကိုယ်စားပြုပြီး တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သောကြောင့် ဝန်ထမ်းသည် အမျိုးသားနိုင်ငံရေးကို သစ္စာရှိရန်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုအပေါ် သစ္စာရှိရန်နှင့် မိမိဝန်ကြီးဌာနအပေါ် သစ္စာရှိရန် အထူးမှာကြားလိုကြောင်း၊ နောက်ဆုံးအနေဖြင့် ဝန်ထမ်းများ အားလုံးပေးအပ်သည့် တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန်နှင့် ရောက်ရှိသည့်နေရာမှ ရရှိသည့် ဗဟုသုတများကို အကျိုးရှိစွာ အသုံးချနိုင်ရေး လေ့လာဆည်းပူးကြပါရန် ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် က ယနေ့အခမ်းအနားတွင် အချက် (၃) ချက် မှာကြားလိုကြောင်း၊ Be all with the Diplomat ကြံ့ကြံ့ခိုင်ခိုင်နှင့် အရာအားလုံးကို ရင်ဆိုင်နိုင်သည့် သံတမန်တစ်ယောက်ဖြစ်အောင် ကြိုးစားကြရန်ဖြစ်ကြောင်း၊ Be a good Diplomat သံတမန်ကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်ကြရန်ဖြစ်ကြောင်းနှင့် Keep yourself fit for Duty ပေးအပ်သည့် တာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ရန် အမြဲတမ်းအသင့်ရှိနေရန် မှာကြားလိုကြောင်း၊ ယခုသွားရောက်တာဝန် ထမ်းဆောင်မည့်သူများတွင် သံရုံးစာရေးမှစ၍ သံမှူးအထိ ပါဝင်ကြောင်း၊ မိမိအဆင့်အလိုက် ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ရန် အမြဲတမ်းပြင်ဆင် လေ့ကျင့်ဖြည့်ဆည်းနေရန် လိုကြောင်း၊ နှစ်လိုဖွယ်ရှိပြီး ပုံရိပ်ကောင်းသည့် သံတမန်ကောင်းဖြစ်ရန်၊ Personalilty ကောင်းသည့် ဝန်ထမ်းများဖြစ်ရန်နှင့် ကျန်းမာရေး ဂရုစိုက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

*စာမျက်နှာ ၇ မှ*

**ဒေါ်ကြည်ဌေး (မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်)**

ကျွန်မအနေနဲ့ တိုင်းရင်းဆေးသမားတော်များညီလာခံမှာ စာတမ်းတင်သွင်းမှာဖြစ်ပါတယ်။ ကျွန်မက လက်ရှိမှာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ယူပြီး တိုင်းရင်းဆေးလောကတစ်ခုလုံး ပညာရပ်ဖွံ့ဖြိုးရေး၊ ဆေးဝါးတွေဖွံ့ဖြိုးရေးကိစ္စတွေနဲ့ပတ်သက်ပြီး တတ်နိုင်သမျှဆောင်ရွက်လျက်ရှိပါတယ်။ အခုညီလာခံမှာ ကချင်ပြည်နယ်က တိုင်းရင်းသားတွေ ရိုးရာအစဉ်အဆက်အသုံးပြုခဲ့တဲ့ ဆေးနည်းလေးတွေကို တင်ပြမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးဦးစီးဌာနအနေနဲ့လည်း ရိုးရာတိုင်းရင်းဆေးပညာတွေကို ဖော်ထုတ်နေတာဖြစ်တဲ့အတွက် ဒီဆေးနည်းလေးဟာ အထောက်အကူဖြစ်နိုင်တယ်လို့ယူဆပြီး စာတမ်းအဖြစ်ကုသိုလ်ပြုတင်သွင်းတာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်က ဆေးဖက်ဝင်အပင်တွေကိုလည်း ပြခန်းမှာပြသထားပါတယ်။

ပြည်သူတွေကို ပြောလိုတာက တိုင်းရင်းဆေးဟာလည်း သုတေသနပြုမှုတွေ၊ စစ်ဆေးမှုတွေ အဆင့်ဆင့်နဲ့ ထုတ်လုပ်ရောင်းချကြတာ ဖြစ်တဲ့အတွက် ယုံကြည်စိတ်ချစွာသုံးစွဲနိုင်တယ်။ တိုင်းရင်းဆေးဟာ မိမိတို့ရဲ့ရိုးရာအမွေအနှစ်လည်းဖြစ်တယ်။ ရိုးရာဆေးပညာလည်းဖြစ်တယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ရာသီဥတုအပေါ်မူတည်ပြီး စိုက်ပျိုးတဲ့အပင်တွေကို ဖော်စပ်တာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ နေထိုင်တဲ့ပြည်သူတွေသုံးစွဲဖို့ သင့်တော်ပါတယ်။

**ဒေါက်တာသိန်းဇော်လင်း (ပါမောက္ခချုပ်၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်)**

အခုလိုပြပွဲတွေ ကျင်းပခြင်းအားဖြင့် ပြပွဲကိုလာရောက်ကြတဲ့ပြည်သူလူထုကို တိုင်းရင်းဆေးတက္ကသိုလ်နဲ့ ပတ်သက်ပြီး သတင်းအချက်အလက် မြောက်မြားစွာကို ပေးနိုင်ပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်ကပြီးရင် တိုင်းရင်းဆေးဆရာအဖြစ်၊ တိုင်းရင်းဆေးသမားတော်အဖြစ် အသက်မွေးလို့ရပါပြီ။ တက္ကသိုလ်ကနေရတဲ့ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ် (တ/ဆ) ရှိသွားပြီဆိုရင် တိုင်းရင်းဆေးဝါးတွေကို ကိုယ်ပိုင်ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချနိုင်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနက ဆေးရုံ၊ ဆေးခန်း၊ တက္ကသိုလ်တွေမှာ ဝန်ထမ်းအဖြစ် ပြန်ပြီးတော့ လုပ်နိုင်ပါတယ်။ နောက်တစ်ခုက ဘွဲ့လွန်ဒီဂရီတွေ တက်ပြီးပြီဆိုရင် ပြည်တွင်း၊ ပြည်ပတွေမှာ ဆက်ပြီးအဆင့်မြင့်တဲ့ တိုင်းရင်းဆေးပညာရပ်တွေကို သင်ယူနိုင်ပါတယ်။ ဒါတွေက ကျွန်တော်တို့ တိုင်းရင်းဆေးတက္ကသိုလ်က အောင်မြင်သွားတဲ့သူတွေရဲ့ အားသာချက်တွေဖြစ်ပါတယ်။

ပြခန်းအတွက်ကတော့ တိုင်းရင်းဆေးတက္ကသိုလ်က ဌာနကြီး ခြောက်ခုကနေလုပ်ထားတဲ့ သုသေသနရလဒ်ကောင်းတွေကို ပြသထားတာ ဖြစ်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ကို လျှောက်ချင်တယ်ဆိုရင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်နည်းတူ အမှတ်နဲ့ လျှောက်ထားရတာဖြစ်ပါတယ်။ အမှတ် ၃၆၀ ဆို ရပါပြီ။ ဒီနှစ်မှာ ယောကျာ်းလေး အမှတ်ဆို ၃၅၂ မှတ်အထိ သတ်မှတ်ထားပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်က အောင်မြင်တဲ့သူတွေဟာ အထောက်အထား ခိုင်ခိုင်မာမာရှိတဲ့ သုတေသနတွေလုပ်ပြီး အောင်မြင်မှ တိုင်းရင်းဆေးဆရာ ဘွဲ့လက်မှတ်တွေ ရပါတယ်။ အခုနောက်ပိုင်း ကျောင်းဆင်းတွေက သုတေသနနဲ့ ပတ်သက်လို့ တော်တော်လေးကို လုပ်နိုင်ကိုင်နိုင်တဲ့ စွမ်းရည်တွေရှိပါတယ်။

**ဒေါ်ကြည်ကြည်သန်း (ဆေးရုံအုပ်၊ စစ်တွေတိုင်းရင်းဆေးရုံ၊ စစ်တွေမြို့)**

ကျွန်မတို့ဒေသက ကမ်းရိုးတန်းဒေသဖြစ်တဲ့အတွက် ပင်လယ်ထွက်ပစ္စည်းတွေ ပိုပြီးပြသဖြစ်ပါတယ်။ သန္တာကျောက်တန်းကထွက်တဲ့ ကျောက်ခက်ဆိုရင် အပူကိုငြိမ်းပြီး ဆီးကို ရှင်စေပါတယ်။ ဆီးနဲ့ပတ်သက်တဲ့ ဆေးတွေမှာ ပိုပြီး အသုံးများပါတယ်။ ကနုကမာက အပူကြီးတာ၊ တင်းတိတ်ကို သွေးလိမ်းတဲ့နေရာ၊ ဆီးသွေးပါတာ၊ ထိခိုက်ဒဏ်ရာတွေမှာ သုံးကြပါတယ်။ အထူးသဖြင့် ပင်လယ်ထွက်ပစ္စည်းတွေကို ဆီးရောဂါနဲ့ ပတ်သက်တဲ့ရောဂါတွေမှာ သုံးတာများပါတယ်။ အခုလိုပြပွဲတွေ ကျင်းပခြင်းအားဖြင့် ပြည်သူတွေ တိုင်းရင်းဆေးတွေအကြောင်းကို သိရှိလာမယ်လို့ ယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ကိုကြီးထိန်**

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (Advanced Accounting and Auditing Training School) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးတို့က အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** သင်တန်းကျောင်းဆောင်ရှေ့မြက်ခင်းပြင်တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က သင်တန်းကျောင်း ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး သင်တန်းကျောင်းအတွင်းရှိ စာသင်ခန်းများ၊ Theatre ခန်းမ၊ စာကြည့်တိုက်နှင့် သင်တန်းသားအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ သင်တန်းကျောင်း မြေညီထပ် ခတ္တာခန်းမတွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းသီချင်း Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းကို ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေအရ ခန့်အပ်ခဲ့သည့် နိုင်ငံတော်စာရင်း စစ်ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် နေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုကို အထောက်အကူဖြစ်စေမည့် စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းများနှင့် စာရင်းပညာရပ်ဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် အရည်အချင်းပြည့်ဝပြီး ကျင့်ဝတ်သိက္ခာ မြင့်မားသည့် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ ပိုမိုလေ့ကျင့် မွေးထုတ်ပေးနိုင်ရန်၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ နှစ်ရပ်လုံးအတွက် စာရင်းကိုင်နှင့် စာရင်းစစ်ပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်နှင့် စာရင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယခုသင်တန်းကျောင်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရည်အသွေးမြင့်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည့် သင်တန်းကျောင်းကြီး ပေါ်ထွက်လာခြင်းဖြစ်သဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်၍ ဂုဏ်ယူဖွယ် မော်ကွန်းတစ်ခုလည်းဖြစ်ပါကြောင်း၊ စာရင်းပညာနှင့် စာရင်းစစ်ပညာရပ်များသာမက စာရင်းကိုင်နှင့် စာရင်းစစ်ကျင့်ဝတ်များ လိုက်နာဆောင်ရွက်ရေးနှင့် စိတ်ဓာတ်နှင့် ခံယူချက်မြင့်မားရေးတို့ကိုလည်း အလေးထားသင်ကြားပို့ချပေးလျက် ရှိပါကြောင်း၊ ဆက်လက်၍ နိုင်ငံတကာအဆင့်မီ သင်ကြားမှုနည်းစနစ်နှင့် ခေတ်မီသင်ကြားရေးပစ္စည်းများဖြင့် သင်ကြားပို့ချနိုင်ရန်အတွက်လည်း လိုအပ်သည့် အရင်းအမြစ်များကို နှစ်စဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခိုင်ခိုင်အောင်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ လက်ရှိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ တိုးချဲ့ဖွင့်လှစ်သွားမည့် သင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

(၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲ၏ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပသည်။ **(ယာပုံ)**




အစီအစဉ်အရ ညီလာခံသဘာပတိအဖြစ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့ တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲ ကျင်းပရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းရင်း ဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးမိတ်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယက ဦးမြင့်လွင်နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးပေါ်ညိမ်းတို့က ဆောင်ရွက်ကြသည်။

ညီလာခံတွင် သဘာပတိက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ညီလာခံကိုယ်စားလှယ် ဒေါ်အာဆာမိက အဆိုပြုချက် အမှတ်(၁) ဖြစ်သော ''နယကြီး (၄) ပါးကို အခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာကုထုံး နည်းစနစ်များကို အမျိုးသားရေး အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်” အဆိုကို တင်သွင်းရာ မန္တလေးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဒေါ်ခင်မာလင်း က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် မွန်ပြည်နယ် ညီလာခံကိုယ်စားလှယ် ဦးစောလှထူးကျော်က အဆိုပြုချက် အမှတ် (၂) ဖြစ်သော “နဝရတ်ကတိသစ္စာနှင့် သမားတို့၏ ကျင့်ဝတ်သိက္ခာကို စွဲမြဲစွာနှလုံးသွင်း စောင့်ထိန်းပြီး စည်းလုံးညီညွတ်၍ဂုဏ်သိက္ခာမြင့်မားသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ဖြစ်စေရေး ဝိုင်းဝန်းထိန်းသိမ်း ကြိုးပမ်းဆောင်ရွက်ရန်” အဆိုကိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဒေါ်တင်တင်အောင် က ထောက်ခံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ညီလာခံ ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှော ဖလှယ်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယက ဦးမြင့်လွင်၊ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းညွှန့်နှင့် တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဦးဝထွန်း တို့က ဆောင်ရွက်ကြသည်။

ညီလာခံတွင် သဘာပတိ က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ညီလာခံကိုယ်စားလှယ် ဦးဇော်လင်း က အဆိုပြုချက် အမှတ်(၃) ဖြစ်သော “ခေတ်မီ၍ အရည်အသွေးပြည့်ဝသော မျိုးဆက်သစ် တိုင်းရင်းဆေး ပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်” အဆိုကို တင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးအောင်ဟိန်းသူ က ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးဟန်ငြိမ်းက အဆိုပြုချက် အမှတ်(၄) ဖြစ်သော “အရည်အသွေးပြည့်ဝ၍ အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်” အဆိုကိုတင်သွင်းရာ ချင်းပြည်နယ် ညီလာခံကိုယ်စားလှယ် ဒေါ်မြမြခိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးသိုက်ထွန်းက အဆိုပြုချက် အမှတ် (၅) ဖြစ်သော “ရိုးရာတိုင်းရင်းဆေး ကုထုံးနည်းစနစ်များနှင့်ဆေးဝါးများအား လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျ ပြန်လည်ဖော်ထုတ်ရန်” အဆိုကိုတင်သွင်းရာ ရခိုင်ပြည်နယ် ညီလာခံကိုယ်စားလှယ် ဒေါ်သန်းသန်းရီ က ထောက်ခံဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်း ဆေးပညာနီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် Video Message ဂုဏ်ပြုမိန့်ခွန်းကို မှတ်တမ်းတင်ပြီး (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီး ကော်မတီနာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ညီလာခံအဖွင့်မိန့်ခွန်းပါ မိန့်ကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားရန်နှင့် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံတွင် တင်သွင်းသည့် အဆိုပြုချက်များနှင့် စပ်လျဉ်း၍ အစည်းအဝေး၏ ဆန္ဒသဘောထား ရယူကာ အဆိုများကို အတည်ပြု မှတ်တမ်းတင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ဂုဏ်ပြုဆောင်းပါး

# အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ၇၄ နှစ် တိုင်ခဲ့ပြီ

*ဒေါက်တာခိုင်ခိုင်ဝင်း*

လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်ဆိုသည့်စာသားဖြင့် အစပြုခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights– UDHR) ကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ထိုအချိန်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မဲခွဲဆုံးဖြတ်မှုရလဒ်ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို အတည်ပြုခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့( International Human Rights Day) အဖြစ် သတ်မှတ်ခဲ့ကြပြီး ကမ္ဘာတစ်ဝန်းလုံးတွင် လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ပုံစံအမျိုးမျိုးဖြင့် ကျင်းပလာခဲ့ကြသည်မှာ ယခု ၂၀၂၂ ခုနှစ်တွင် ၇၄ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

## သမိုင်းဝင် လူ့အခွင့်အရေး ကြေညာစာတမ်း

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရခဲ့ပြီး ယင်းနှစ် ဧပြီလတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်ဖြစ်ရာ၊ သမိုင်းဝင် လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုရန် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မဲခွဲဆုံးဖြတ်ခဲ့ကြသည့်အချိန်တွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် မဲပေးခွင့်ရခဲ့ပြီး ထောက်ခံမဲပေးခဲ့သည့် နိုင်ငံများတွင် ပါဝင်ခဲ့ပါသည်။ လွန်စွာမှပင် ဂုဏ်ယူဖွယ်ရာကောင်းလှပါသည်။ ထိုအချိန်က ကုလသမဂ္ဂတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၄၈ နိုင်ငံတည်းသာရှိသေးပြီး ယနေ့အချိန်အခါတွင် ကုလသမဂ္ဂတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိနေပြီ ဖြစ်ပါသည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ထုတ်ပြန်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများကလည်းထောက်ခံခဲ့ကြသည့်၊ နိုင်ငံအများစု၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ကိုးကားအသုံးပြုကြသည့်၊ ကမ္ဘာတွင် ဘာသာပြန်ဆိုမှုအများဆုံးအဖြစ် စံချိန်တင်ထားသည့်၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး စံထားရသည့် ကြေညာစာတမ်းကြီး ဖြစ်ပါသည်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်

> **“ မြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေး များကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကုလသမဂ္ဂက ထုတ်ပြန်ထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်တို့ကို ရည်ရွယ်လျက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၁)ဖြင့် ပြဋ္ဌာန်းပေးပြီး နောက်ဝယ် အဆိုပါ ဥပဒေနှင့်အညီ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ပေါ်ပေါက်လာခဲ့ပါသည်။ မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံး ပေါ်ပေါက်ခဲ့သည့် ဥပဒေနှင့်အညီ ဖွဲ့စည်းသည့် လူ့အခွင့်အရေး ကော်မရှင် ဖြစ်ပါသည် ”**

မြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကုလသမဂ္ဂက ထုတ်ပြန်ထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်တို့ကို ရည်ရွယ်လျက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၁)ဖြင့် ပြဋ္ဌာန်းပေးပြီး နောက်ဝယ် အဆိုပါဥပဒေနှင့်အညီ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ပေါ်ပေါက်လာခဲ့ပါသည်။ မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံး ပေါ်ပေါက်ခဲ့သည့် ဥပဒေနှင့်အညီ ဖွဲ့စည်းသည့် လူ့အခွင့်အရေးကော်မရှင်ဖြစ်ပါသည်။ အမှန်စင်စစ်အားဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၁ခုနှစ် စက်တင်ဘာ ၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် စတင်ဖွဲ့စည်းခဲ့သည်ဖြစ်သော်လည်း ကော်မရှင် ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့သည့်နှစ်မှာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်ဖြစ်ပါသည်။

## ကော်မရှင်၏ ဆောင်ရွက်ချက်များ

ကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေပါ တာဝန်နှင့် ဝတ္တရားများအတိုင်း လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းနှင့် အခြားတိုင်းရင်းသားဘာသာစကားများဖြင့် ဘာသာပြန်ဆိုခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ တိုင်းရင်းသားဘာသာ ၂၁ မျိုးသို့ ဘာသာပြန်ဆို ဖြန့်ချိပြီးဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ပိုစတာအနေဖြင့် ပုံနှိပ်ဖြန့်ချိခြင်း၊ Animation film ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို တိုင်းရင်းသားဘာသာစကားများဖြင့် ပုံနှိပ်ဖြန့်ချိခြင်းသည် လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး အသိပညာဗဟုသုတများကို တိုင်းရင်းသားပြည်သူများ သိရှိနားလည်စေရန် ရည်ရွယ်ဖြန့်ချိခြင်းလည်း ဖြစ်ပါသည်။

အလားတူ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေး မြှင့်တင်ခြင်းများအဖြစ် လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ဆောင်ရွက်လျက်ရှိသလို လူ့အခွင့်အရေး သင်ခန်းစာပို့ချမှုများကို ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကျောင်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ သင်တန်းကျောင်းများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် အခါအားလျော်စွာ ဝန်ကြီးဌာနများက ဖွင့်လှစ်သောသင်တန်းများတွင် လူ့အခွင့်အရေးသင်ခန်းစာများ ပို့ချလျက်ရှိပါသည်။

ကော်မရှင်ဥပဒေရည်ရွယ်ချက်တွင် ပါရှိသည့်အတိုင်း လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့ အစည်းတစ်ရပ်ပေါ်ပေါက်လာစေရေး ဥပဒေပါ တာဝန်နှင့်ဝတ္တရားများကို ဆောင်ရွက်လျက်ရှိရာတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း အနေဖြင့် လူ့အခွင့်အရေးဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်းနှင့် တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်းတို့အပြင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များအပေါ် အခြေခံ၍ အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ပေးပို့လျက်ရှိပါသည်။

## တစ်နှစ်တာကာလ အသိပညာပေး လှုပ်ရှားမှုများ

လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကို ချန်လှပ်ဖယ်ထား၍ မရပါ။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)သည် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း ကျင့်ဝတ်ပိုင်းနှင့်သက်ဆိုင်သည့် လူ့အခွင့်အရေးစွမ်းအား(Moral Force) များပါရှိသည့် ကြေညာစာတမ်းဖြစ်သလို လူ့အခွင့်အရေးနှင့် ပတ်သက်သော နိုင်ငံတကာစာချုပ်များ ရေးဆွဲရာတွင် ကိုးကားရေးဆွဲရသည့် စာတမ်းလည်း ဖြစ်ပါသည်။ အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ( UDHR) ထုတ်ပြန်ခဲ့သည်မှာ လာမည့်နှစ် ၂၀၂၃ ခုနှစ်တွင် ၇၅ နှစ်ပြည့်မြောက်မည်ဖြစ်ရာ ယခုနှစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့မှသည် ရှေ့လာမည့်နှစ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်အထိ တစ်နှစ်တာကာလကို UDHR 75 year– long campaign၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း( UDHR ) အသိပညာပေးလှုပ်ရှားမှုများဖြင့် ဆောင်ရွက်သွားကြရန် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့သည် ကမ္ဘာပေါ်ရှိ လူသားအားလုံးနှင့် သက်ဆိုင်သည့် နေ့ထူးနေ့မြတ်ဖြစ်ရာ အဆိုပါနေ့တွင် ကမ္ဘာ့နိုင်ငံများ၌ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အခမ်းအနားများ၊ ပြိုင်ပွဲများ၊ လှုပ်ရှားမှုများကို ပုံစံအမျိုးမျိုးဖြင့် ဂုဏ်ပြုကျင်းပကြပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့်လည်း (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသည့်အနေဖြင့် နေပြည်တော်တွင် အခမ်းအနား ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ လူတိုင်း လူ့အခွင့်အရေးများခံစားရရှိနိုင်ပြီး ကော်မရှင်ဥပဒေရည်ရွယ်ချက်ပါအတိုင်း လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေး ဆုမွန်တောင်းလျက် ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်သည့် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

---

## ကာလိမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား ကျောင်းသူများအတွက် ပြိုင်ပွဲများကျင်းပ

**ကာလိ ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန အမက(မိုင်းယိုင်း) ကျောင်းတို့ ပူးပေါင်းပြီး ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဒီဇင်ဘာ ၈ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ထင်ထင်ကျော်က ပြိုင်ပွဲများကျင်းပပေးသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ ၃၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ကာ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ကျောင်းသား ကျောင်းသူများအား မုန့်နှင့်အချိုရည်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ထင်ထင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol VISITSTUMP ကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား အစဉ်အလာအားဖြင့် တည်ရှိသည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် အပြန်အလှန်နားလည်မှု၊ ထောက်ခံမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ (၁၆) ကြိမ်မြောက် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင် တင်ဆက်ပွဲအခမ်းအနားကျင်းပ၊ အနုပညာအထက်တန်းကျောင်း(မန္တလေး) သို့ စက်ဘီးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၈**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ၏ ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် (၁၆) ကြိမ်မြောက် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် စင်တင် တင်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို တက်ရောက်အားပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာတို့၏ ရှည်လျားလှသည့် သမိုင်းကြောင်းတစ်လျှောက် အစွန့်ရှည်တည်တံ့ လျက်ရှိသော အနုသုခုမပညာရပ်များသည် ယနေ့ထက်တိုင် ခိုင်မြဲလျက်ရှိနေကြောင်း၊ ယခုကဲ့သို့ ခိုင်မြဲနေခြင်းသည်လည်း လူငယ်မျိုးဆက်သစ်များက မြန်မာ့အနုသုခုမပညာရပ်များကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်း စောင့်ရှောက်ခဲ့သောကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိဝါသနာပါရာ အနုပညာရပ်များဖြင့် အနာဂတ်တွင် မိမိနိုင်ငံ မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး အမျိုးသားရေးလက္ခဏာများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို မပျောက်ပျက်အောင် ကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါကွယ်ပျောက်သွားမည်ဖြစ်၍ အမိတက္ကသိုလ်ကြီးက သင်ကြားပေးလိုက်သည့် အနုပညာရပ်များကို စနစ်တကျ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် ယဉ်ကျေးမှုကိုယ်ခံအား တောင့်တင်းခိုင်မာအောင် ဆောင်ရွက်သွားကြရန် အလေးအနက် မှာကြားလိုကြောင်း ပြောကြားသည်။





ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက ဂုဏ်ပြုအမှာ စကားပြောကြားသည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ သည် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ စင်တင်တင်ဆက်မှုများကိုကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တွင် မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို သင်ကြားပေးခဲ့သည်မှာ (၂၁)နှစ်တိုင် ရှိခဲ့ပြီဖြစ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၅) ကြိမ် ကျင်းပခဲ့ပြီး ဝိဇ္ဇာဘွဲ့ ၇၁၂ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၁၇၈ ဦး၊ ဘွဲ့လွန် အနုပညာဒီပလိုမာ ၂၇၇ ဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ ၁၉ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၃၉ ဦး၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ ၁၈ ဦး၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ လေးဦး၊ ဘွဲ့လွန်စာကြည့်တိုက် ဒီပလိုမာ ၁၀၇ ဦး စုစုပေါင်း ၁၃၅၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု ပညာရပ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် သင်ကြားပေးလျက် ရှိသကဲ့သို့ နိုင်ငံတကာ၏ အနုပညာမျက်နှာစာတွင် အထင်ကရဖြစ်သည့် ခေတ်နှင့်အညီ ဖြစ်ထွန်းနေသော ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကိုပါ သင်ကြားပေးလျက်ရှိသည်။

ညနေပိုင်းတွင် အနုပညာအထက်တန်းကျောင်း(မန္တလေး) ပန်တျာနှင့် ပန်းချီ၊ ပန်းပုဌာနတို့တွင် တက်ရောက်သင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် မိသားစုက စက်ဘီးများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို အမျိုးသားကဇာတ်ရုံ (မန္တလေး) တွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ကျောင်းသား ကျောင်းသူ ၂၀ ကို စက်ဘီးများ ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းများ မိတ်ဆုံနေ့လယ်စာစားပွဲကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့၌ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ မိတ်ဆုံနေ့လယ်စာ စားပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

နေ့လယ်စာ စားပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က မိတ်ဆုံစားပွဲကျင်းပခြင်းဖြင့် ဝန်ထမ်းအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လာမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဝန်ထမ်းများ၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်များနှင့် ပတ်သက်၍ အဓိကဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်သည့်အတွက် လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းထမ်းဆောင်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်သည်။

နေ့လယ်စာ သုံးဆောင်နေစဉ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဥက္ကဋ္ဌရုံးအဖွဲ့နှင့် ဦးစီးဌာနများရှိ ဌာနခွဲများအလိုက် အမှတ်တရ ကံစမ်းမဲဖောက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၂၈) ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ





**မန္တလေး ဒီဇင်ဘာ ၈**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့၏ (၂၈)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊မန္တလေး)တို့မှ သင်ကြား/စီမံ ဆရာတော်များနှင့် ဘွဲ့ခံ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပူဇော်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ပရိသတ်အပေါင်းတို့က နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ဩဝါဒကထာမိန့်ကြား**

ထို့နောက် ဆရာတော်ကြီးက ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ဟူသော သာသနာတော်သုံးရပ် အကျင့်မြတ်တို့တွင် ကန်ပေါင်ကန်ရိုးသဖွယ်ဖြစ်သော ပရိယတ္တိသာသနာတော်ကို အဆက်မပြတ်ပို့ချသင်ကြားခြင်း၊ ဒါယကာ၊ ဒါယိကာမများကလည်း စဉ်ဆက်မပြတ် ပြုစုထောက်ပံ့ကြခြင်းဖြင့် ကျန်ပဋိပတ္တိ၊ ပဋိဝေဓ သာသနာနှစ်ရပ်လည်း စဉ်ဆက်မပြတ် တိုးတက် ဖြစ်ထွန်းနေမည်သာဖြစ်ပါကြောင်း အစရှိသော သာရဏီယ ဩဝါဒကထာ မိန့်ကြားသည်။

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတဒေါက်တာဘဒ္ဒန္တစန္ဒနသာရ အရှင်သူမြတ်က ယခုဘွဲ့ခံအရှင်မြတ်တို့သည် မြတ်ဗုဒ္ဓ၏ အဆုံးအမတည်းဟူသော သာသနာသုံးရပ် အကျင့်မြတ်တို့ကို စာတွေ့အားဖြင့်လည်းကောင်း၊ လက်တွေ့အားဖြင့်လည်းကောင်း၊ ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ကြားပေးထားသော အမာခံအင်အားများဖြစ်ကြသောကြောင့် သတိမလစ်အမြဲကပ်ပြီး လုပ်ငန်းခွင်တာဝန်များကို ဆောင်ရွက်လုပ်ကိုင်ကြပါဟု သမ္မောဒနီယကထာကို မိန့်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမောင်ကိုတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။ **(အပေါ်ပုံ)**

**ဘွဲ့ရအရှင်သူမြတ်များ ဘွဲ့ခံယူ**

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်း ဆရာတော်က သာသနတက္ကသီလမဟာဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ခံယူမည့် ရဟန်းတော်တစ်ပါးချင်း၏ ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် ဘွဲ့ခံယူပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလမဟာ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ခံယူမည့် ရဟန်းတော် တစ်ပါးချင်း၏ ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် အသီးသီးဘွဲ့ခံယူကြသည်။ ယခုနှစ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ရ ဆရာတော် ၁၃ ပါး၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ ဆရာတော် ၁၂၄ ပါး ပေါင်း ၁၃၇ ပါး ဘွဲ့ခံယူကြသည်။

ထို့နောက် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး၏ ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ပရိသတ်အပေါင်းတို့သည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယ အဓိပတိ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်ထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော် ၁၈ ပါး၊ ဘွဲ့ခံရဟန်းတော် ၁၃၇ ပါး စုစုပေါင်း ၁၅၅ ပါးတို့ကို ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ဆွမ်းဆန်တော်များ လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဒီဇင်ဘာ ၈**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည် ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။



ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်းသတင်း ရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး အခြေခံ ဂဟေဆက်သင်တန်းဖွင့်

**ပူတာအို ဒီဇင်ဘာ ၈**

ကချင်ပြည်နယ်အစိုးရအဖွဲ့ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းကော်မတီ၊ ပြည်နယ်အဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးဆပ်ကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံ ဂဟေဆက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် ကချင်ပြည်နယ် ပူတာအိုမြို့ Beulah Land လူမှုကူညီရေးအသင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပူတာအိုမြို့တွင် ယနေ့ ဖွင့်လှစ်သည့် အခြေခံ ဂဟေဆက်သင်တန်းကို သင်တန်းသား ၂၂ ဦးဖြင့် ဒီဇင်ဘာ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် လုပ်ခလစာရရှိပြီး မိသားစုဝင်ငွေတိုးတက်၍ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင် အလေးထား သင်ယူမှတ်သားပြီး လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးပြု၍ မိသားစုဝင်ငွေရရှိရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ လုပ်သားဈေးကွက် လိုအပ်ချက်နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အပံ့ ဖြစ်စေကြောင်း။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျွမ်းကျင်လုပ်သား ၅၀၀၀ ကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် စစ်ဆေးအကဲဖြတ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလထိ လုပ်သားအင်အား ၃၂၀၀ ကျော် စစ်ဆေးအကဲဖြတ်နိုင်ခဲ့ကြောင်း။

ပူတာအိုမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းနှင့် တစ်လုံးထိုးဒီဇယ်အင်ဂျင်သင်တန်းတို့ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်၍ ယခုသင်တန်းမှ သင်တန်းဆင်းများအပါအဝင် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် လုပ်သားများအနေဖြင့် မိမိတို့၏ ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်မှုခံယူ၍ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များရယူနိုင်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါအခမ်းအနားသို့ ပူတာအိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများနှင့် သင်တန်းသားများ အပါအဝင် စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြသည်။

**သတင်းစဉ်**

## ထိုင်းအတိုက်အခံပါတီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

ဗန်ကောက် ဒီဇင်ဘာ ၈

ထိုင်းနိုင်ငံ၌ လာမည့်နှစ်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် စီစဉ်ထားသည့်အတွက် အင်အားအကြီးဆုံး အတိုက်အခံ ပါတီဖြစ်သည့် ဖျူထိုင်းပါတီသည် ပါတီအထွေထွေညီလာခံတွင် ၎င်း၏ကတိကဝတ်များကို ထုတ်ဖော်ပြောကြားခဲ့သည်။ ဖျူထိုင်းပါတီသည် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် တရာနှင့် ဆက်သွယ်မှုရှိသည်။




ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်တရာ၏ အငယ်ဆုံးသမီး ပီတွန်တန် ရှင်နာဝပ်တရာ သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားနေစဉ်။

ပါတီထောက်ခံ အင်အားစုများကို ပြောကြားရာတွင် သက်ဆင်၏ အငယ်ဆုံးသမီး ပီတွန်တန် ရှင်နာဝပ်တရာက ၂၀၂၇ ခုနှစ်မတိုင်မီ အနည်းဆုံးလုပ်အားခကို နှစ်ဆမြှင့်ပေးခြင်းနှင့် စွမ်းအင်ဈေးနှုန်းများ လျှော့ချခြင်းအပါအဝင် လူတိုင်း၏ လူမှုဘဝ ပိုမိုတိုးတက်ကောင်းမွန်လာစေမည် ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

ထို့အပြင် မိမိတို့သည် နိုင်ငံတော်ကြီးကောင်းမွန်လာသည်ကို ပြန်လည် မြင်တွေ့ရတော့မည်ဖြစ်ကြောင်းနှင့် မိမိတို့၏ ဂုဏ်ကျက်သရေနှင့် သိက္ခာတရားတို့ကို ပြန်လည်ရရှိတော့မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အသက် ၃၆ နှစ်ရှိ ပီတွန်တန် ရှင်နာဝပ်တရာကို အထွေထွေရွေးကောက်ပွဲအတွက် ပါတီ၏ ဝန်ကြီးချုပ်လောင်းအဖြစ် တရားဝင်အမည်စာရင်း တင်သွင်းခြင်း မရှိသေးပေ။ သို့သော်လည်း နောက်ဆုံးစစ်တမ်းများက ၎င်းသည် ပြည်သူလူထုသဘောကျနှစ်ခြိုက်သော ရွေးကောက်ပွဲပြိုင်ပွဲဝင် တစ်ဦးဖြစ်ကြောင်း သိရသည်။

ဖျူထိုင်းပါတီ၏ လူကြိုက်များသော မူဝါဒများကို လက်ရှိပါတီများနှင့် ပုဂ္ဂလိကကဏ္ဍများက အများအပြား ဝေဖန်ထားသည်။

အင်န်အိတ်ချ်ကေ

## ရှန်ဟိုင်း၌ 5G အခြေပြုစခန်း ၆၈၀၀၀ ကျော်ကို ဆောက်လုပ်ပြီးဖြစ်

ရှန်ဟိုင်း ဒီဇင်ဘာ ၈

တရုတ်နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရှန်ဟိုင်းတွင် 5G အခြေပြုစခန်းပေါင်း ၆၈၀၀၀ ကျော်ကို ဆောက်လုပ်ပြီးစီးပြီးဖြစ်ကာ ဒေသပေါင်း ၁၆ ခုကို 5G ကွန်ရက်ဖြန့်ကြက်နိုင်ကြောင်း ဒေသခံအာဏာပိုင်များက ဒီဇင်ဘာ ၇ ရက်တွင် ပြောသည်။

အောက်တိုဘာလကုန်ပိုင်း၌ တရုတ်နိုင်ငံ၏ အဓိက တယ်လီကွန်းအော်ပရေတာကြီး သုံးခုဖြစ်သည့် ချိုင်းနားတယ်လီကွန်း၊ ချိုင်းနားမိုဘိုင်းနှင့် ချိုင်းနားယူနီကွန်းတို့၏ ရှန်ဟိုင်းကုမ္ပဏီခွဲများတွင် 5G အသုံးပြုသူ ၁၂ သန်းရှိခဲ့သည်ဟု ရှန်ဟိုင်းဆက်သွယ်ရေးစီခံခန့်ခွဲမှု၏ ထုတ်ပြန်ချက်အရ သိရသည်။ စက်တင်ဘာလကုန်ပိုင်းတွင် ရှန်ဟိုင်းသည် နိုင်ငံတစ်ဝန်း 5G ကွန်ရက်၌ ရှေ့ဆုံးမှ ဦးဆောင်လာသည်ဟု စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ထုတ်ပြန်ထားသော အချက်အလက်များအရ သိရသည်။



ရှန်ဟိုင်းမြို့ရှိ စီးပွားရေးအချက်အချာကျသော နေရာတစ်နေရာကို တွေ့ရစဉ်။

ထို့ပြင် လေဆိပ်များ၊ ရထားဘူတာရုံများ၊ မြေအောက်ဘူတာရုံများတွင် 5G ကွန်ရက်ကို အပြည့်ဖြန့်ကြက်ပေးထားနိုင်ပြီး တတိယအဆင့် ဆေးရုံများတွင်လည်း 5G ကွန်ရက်ကို ၉၅ ရာခိုင်နှုန်း အသုံးပြုနိုင်အောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်

ဂျကာတာ ဒီဇင်ဘာ ၈

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း အနောက်ဂျာဗား ပြည်နယ်၌ ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ကြောင်း မိုးလေဝသ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပအေဂျင်စီက ပြောကြားသည်။

အဆိုပါငလျင်သည် နံနက် ၀၇ နာရီ ၅၀ မိနစ်တွင် လှုပ်ခဲ့ပြီး ငလျင်ဗဟိုချက်မှာ အနောက်ဂျာဗားပြည်နယ် ဆူခါဘူမီခရိုင်၏ အရှေ့တောင်ဘက် ၂၂ ကီလိုမီတာတွင် တည်ရှိသည်။ ငလျင်အနက်မှာ မြေအောက် ၁၂ ကီလိုမီတာရှိကြောင်း ငလျင်နှင့် ဆူနာမီလျော့ပါးရေးဌာနမှ အကြီးအကဲဖြစ်သူ ဒါယိုနိုက ပြောကြားသည်။ ငလျင်လှုပ်မှုကြောင့် ဆူနာမီဖြစ်ပေါ်ရန် အလားအလာ မရှိကြောင်း အေဂျင်စီက ပြောကြားသည်။

အနောက်ဂျာဗား ပြည်နယ်တွင် ပြီးခဲ့သည့်လက ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်သဖြင့် လူ ၃၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံ ချူဂီနန်ရှာ၌ ဒီဇင်ဘာ ၁ ရက်က ငလျင်လှုပ်မှုကြောင့် နေအိမ်ပျက်စီးနေမှုကို တွေ့ရစဉ်။

## သေဆုံးသူများဆက်လက်များပြားနေဆဲဖြစ်သည့်အတွက် ငှက်ဖျားရောဂါတိုက်ဖျက်ရေး ရန်ပုံငွေ တိုးမြှင့်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး တိုက်တွန်း

ဂျီနီဗာ ဒီဇင်ဘာ ၈

ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် အဓိကစိန်ခေါ်မှုကြီးဖြစ်သည့် ရန်ပုံငွေရရှိမှုတွင် ငွေကြေးပိုမိုထည့်ဝင်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားသည်။

ငှက်ဖျားရောဂါကြောင့် အထူးသဖြင့် အာဖရိကမှ ကလေးများ နှစ်စဉ် ထောင်နှင့်ချီ၍ အသက်ဆုံးရှုံးနေရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ငှက်ဖျားရောဂါဖြစ်ပွားမှုများနှင့် သေဆုံးမှုများကို အစီရင်ခံစာအသစ်တွင် ဖော်ပြခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ဖြစ်ပွားမှုများကြောင့် ငှက်ဖျားရောဂါကုသရန် ကြိုးပမ်းမှုများကို ထိခိုက်ခဲ့ရပြီး သေဆုံးမှုများမှာ ကျဆင်းသွားခြင်းမရှိဘဲ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။ ရန်ပုံငွေရရှိမှုတွင် ကန့်သတ်ခံရမှုများအပါအဝင် ရာသီဥတုပြောင်းလဲမှုနှင့် အခြားသောစိန်ခေါ်မှုများကြောင့် ရောဂါဖြစ်ပွားမှုနှုန်း များပြားနေဆဲဖြစ်သည်။

ငှက်ဖျားရောဂါကို တိုက်ဖျက်ရန် အောင်မြင်မှုလမ်းကြောင်းနှင့် လမ်းလွဲနေပြီဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားကြောင့်သေဆုံးမှုများ ၉၀ ရာခိုင်နှုန်းထိ ရှိလာနိုင်ကြောင်း၊ ငှက်ဖျားရန်ပုံငွေမှာ နှစ်ဆပိုမိုရရှိသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးပြောကြားခဲ့သည်။ အာဖရိကတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုမြင့်မားလျက်ရှိသည်။ တစ်ကမ္ဘာလုံးအနှံ့ ငှက်ဖျားရောဂါဖြစ်ပွားမှု၏ ၉၅ ရာခိုင်နှုန်းမှာ အာဖရိကတွင်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်လည်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးတွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရသည်။ တစ်ကမ္ဘာလုံးအနှံ့ ငှက်ဖျားရောဂါကြောင့် သေဆုံးမှုမှာ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၉ ခုနှစ်ကြားထဲတွင် ကျဆင်းခဲ့သည်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ကပ်ရောဂါကာလတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ ၁၀ ရာခိုင်နှုန်းတိုးလာခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ သုံးသိန်းကျော်ရှိလာ

ဟနွိုင်း ဒီဇင်ဘာ ၈

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၂၅၆၀၄ ဦးရှိပြီး သေဆုံးသူ ၁၂၂ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ငါးဆနီးပါးနှင့် သေဆုံးသူ ၉၇ ဦး တိုးလာကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ၌ ဦးနှောက်ရောင်ရမ်းနာရောဂါဖြစ်ပွားသူ ၂၆၉ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ငါးဦးရှိကြောင်း နိုင်ငံ ကျန်းမာရေးဌာနက ဒီဇင်ဘာ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## ဆိုင်ကလုန်းမုန်တိုင်း မန်ဒေါ့စ် ဝင်ရောက်လာသဖြင့် အိန္ဒိယနိုင်ငံနေရာအများအပြား၌ မိုးသည်းထန်စွာရွာသွန်း

နယူးဒေလီ ဒီဇင်ဘာ ၈

အိန္ဒိယနိုင်ငံမိုးလေဝသဌာန (အိုင်အမ်ဒီ) သည် တမီးလ်နာဒူး၊ ပူဒူးချယ်ရီ နှင့် အင်ဒရာပရာဒက်ရှ်ကမ်းရိုးတန်းဒေသများကို ဆိုင်ကလုန်းမုန်တိုင်း မန်ဒေါ့စ် ဆက်လက်ဖြစ်ပေါ်နိုင်သဖြင့် ဒီဇင်ဘာ ၈ ရက်တွင် သတိပေးချက်တစ်ခု ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းသည် မြောက်ဘက် တမီးလ်နာဒူး၊ ပူဒူးချယ်ရီနှင့် တောင်ဘက်ပူဒူးချယ်ရီနှင့် ဆာဟာရီကိုတာကြားရှိ တောင်ဘက် အင်ဒရာပရာဒက်ရှ်ကမ်းရိုးတန်းကို ဖြတ်သန်းနိုင်ခြေရှိပြီး အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ ကီလိုမီတာမှ ၇၅ ကီလိုမီတာအထိဖြစ်ကာ ဒီဇင်ဘာ ၉ ရက် သန်းခေါင်ယံအချိန်တွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၈၅ ကီလိုမီတာအထိ တိုက်ခတ်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

တမီးလ်နာဒူး၊ ပူဒူးချယ်ရီနှင့် တောင်ဘက် အင်ဒရာပရာဒက်ရှ်တွင် ဒီဇင်ဘာ ၁၀ ရက်အထိ လေပြင်းများတိုက်ခတ်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပပြုလုပ်မည့် အာရှဒေသ ဆေးနှင့် ကျန်းမာရေးပညာရပ်များ သင်ကြားရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးဖိုရမ်သို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး တက်ရောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကျင်းပပြုလုပ်မည့် အာရှဒေသ ဆေးနှင့်ကျန်းမာရေးပညာရပ်များ သင်ကြားရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးဖိုရမ် (Asia Quality Forum for Medical and Health Profession Education) သို့ တက်ရောက်ရန်အတွက် အာရှ-ပစိဖိတ်ဒေသ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး မဟာမိတ်အဖွဲ့ (Asia Pacific Action Alliance on Human Resources for Health-AAAH)ဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှဒေသ ဆေးပညာသင်ကြားရေးအဖွဲ့ (The South East Asia Regional Association for Medical Education- SEAR-AME) ဒုတိယဥက္ကဋ္ဌဖြစ်သူ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးပညာသင်ကြားရေး/ပညာပေးဌာနနှင့် နိုင်ငံခြားဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးညွန့်တို့သည် (ယာပုံ) ဒီဇင်ဘာ ၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်အမှတ် TG-2304 ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့သို့ ထွက်ခွာကြောင်း သိရသည်။

အဆိုပါ အာရှဒေသ ဆေးနှင့် ကျန်းမာရေးပညာရပ်များ သင်ကြားရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး ဖိုရမ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(၂၀၃၀)နှင့်အညီ အရှေ့တောင်အာရှဒေသအတွင်း ဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရန်အတွက် အရှေ့တောင်အာရှဒေသ ဆေးပညာ သင်ကြားရေးအဖွဲ့ (SEARAME) နှင့် နိုင်ငံတကာ အဆင့်မြင့် ကျန်းမာရေးပညာရပ် သင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုရေး အေဂျင်စီ (International Accreditation Agency for Higher Education in Health – IAAHEH) တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ၎င်းဖိုရမ်တွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ဆေးနှင့်ကျန်းမာရေးပညာရပ် သင်ကြားရေးဆိုင်ရာ အရည်အသွေးအာမခံခြင်းစနစ်နှင့် ပတ်သက်သည့် မြန်မာနိုင်ငံမှ အတွေ့အကြုံများကို မျှဝေခြင်း (National Quality Assurance System in Medical and Health Profession Education: Experiences and lessons learnt from Myanmar) ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**



# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံးလုံးပတ် သုံးပေတစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။



အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် လေးလခွဲသားအရွယ်တွင် အရပ်အမြင့် သုံးပေ၊ ကိုယ်လုံး လုံးပတ် လေးပေ ခြောက်လက်မ၊ ကိုယ်အလေးချိန် ၃၁၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော် ဆောင်တွင် မိခင်ဆင်မကြီးနှင့် အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ လေးစီးဖြင့် နှာခေါင်းစည်း တန် ၃၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ဒဂုံတက္ကသိုလ်၌ လူငယ်များ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်းကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ကျောင်းသား ကျောင်းသူ လူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒဂုံတက္ကသိုလ်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သာထွန်းမောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဒဂုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား စသည့် ခေါင်းစဉ်များဖြင့် စကားဝိုင်းဖွဲ့ ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

လူငယ် စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့မှ ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦးတွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်းရှိ

**(၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၁၄,၀၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၃၈၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၉၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုး တွေ့ရှိမှုအနေဖြင့် (၂၃) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၃၀ | ၁၈၇၅ | ၁၈၇၀ | ၁၈၃၅ | ၁၈၇၅ | ၁၈၉၅ | ၁၈၈၀ | ၁၈၆၀ | ၁၉၅၅ | ၁၉၇၀ | ၁၈၆၅ | ၁၈၇၅ | ၁၉၁၀ | ၁၉၁၀ | ၁၉၁၅ | ၂၁၃၀ | ၂၉၂၀ |
| 95 Ron | ၁၉၂၅ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၀ | ၁၉၉၅ | ၁၉၈၀ | ၁၉၅၅ | ၂၀၅၀ | ၂၀၆၅ | ၁၉၆၅ | ၁၉၈၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၃၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၀ | ၂၁၉၀ | ၂၁၅၅ | ၂၂၆၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၅ | ၂၂၁၀ | ၂၄၃၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၃၅ | ၁၈၀၃ |
| 95 Ron | ၁၈၂၉ | ၁၈၉၉ |
| HSD (500 ppm) | ၂၀၂၃ | ၂၀၉၃ |
| HSD (50 ppm) | ၂၀၉၇ | ၂၁၆၈ |
| HSD (10 ppm) | ၂၀၉၇ | ၂၁၆၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်းများသို့ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် စီးပွားဖြစ်စတင်လည်ပတ် ထုတ်လုပ်တော့မည့် စက်မှုလုပ်ငန်းများသို့ ဒီဇင်ဘာ ၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

လှိုင်သာယာ မြို့နယ်၌ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် ပဲအမျိုးမျိုးနှင့် နှမ်း သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ကြည့်ရှုစစ်ဆေးခဲ့ပြီး စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့်အခြေအနေများ၊ မီးဘေးအန္တရာယ်



ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှုအခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

**ကိုရိုး**

## ရှမ်း(တောင်ပိုင်း)၌ စုပေါင်းပြောင်းဆန်ရောင်းချခြင်းစနစ် စတင်မိတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြောင်းလုပ်ငန်းအသင်း၏ စုပေါင်းပြောင်းဆန်ရောင်းချခြင်းစနစ် မိတ်ဆက်ဆွေးနွေးခြင်း၊ အကြံပြုချက်များရယူခြင်းအခမ်းအနားကို နိုဝင်ဘာလ နောက်ဆုံးအပတ်က ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SSSCCI) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဈေးကွက်ဈေးနှုန်း တည်ငြိမ်ခိုင်မာအားကောင်းလာစေရန်နှင့် စနစ်ကျပြီး ရေရှည်တည်တံ့သော အကျိုးအမြတ်ရှိသည့် ရောင်းဝယ်ရေးစနစ်တစ်ခုဖြစ်ပေါ်လာရေးအတွက် ယခုကဲ့သို့ စုပေါင်းပြောင်းရောင်းချခြင်းစနစ်ကို မိတ်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဒေါက်တာကြည်လွင်နှင့် အလုပ်အမှုဆောင်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြပြီး စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့က လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်အသင်းဥက္ကဋ္ဌ၊ ပြောင်းအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ပြောင်းအသင်းအထွေထွေအတွင်းရေးမှူး ဦးစိုင်းဖြိုးလွင်ဦးက စုပေါင်းပြောင်းရောင်းချခြင်းစနစ်၏ အသေးစိတ်အစီအစဉ်များနှင့်ပတ်သက်၍ အရောင်းဈေးနှုန်းများသတ်မှတ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ငွေပေးချေရေး၊ ဈေးကွက်ရှာဖွေရေး၊ ပဋိပက္ခဖြေရှင်းရေးကိစ္စရပ်များကို လည်းကောင်း၊ ရောင်းသူ/ဝယ်သူများ လိုက်နာရမည့်စည်းကမ်းချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ရှမ်းပြည်နယ်(တောင်ပိုင်း) ပြောင်းလုပ်ငန်းအသင်း အလုပ်အမှုဆောင်များက ပြန်လည်အကြံပြုဆွေးနွေးခဲ့ကြသည်။

**သီရိ**



## တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၌ ဧပြီလမှ ဒီဇင်ဘာလဆန်းအတွင်း ကုန်သွယ်မှုလျှာထားချက်၏ ၂၂ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၈**

တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၌ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာ ၂ ရက်အထိ ကိုးလတာကာလအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၉၅ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၂၂ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၁၇ သန်း ဆောင်ရွက်နိုင်ခဲ့၍ ဧပြီလမှ ဒီဇင်ဘာလအထိ ကိုးလတာလျာထားချက်၏ ၂၂ ဒသမ ၆၄၉ ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်ခဲ့ကြောင်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ စာရင်းများအရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာသန်း ၇၀ နှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ သုံးသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၃ သန်း လျာထားခဲ့ခြင်းဖြစ်ရာ တစ်နှစ်တာလျာထားချက် အပေါ် ၁၄ ဒသမ ၉၅၅ ရာခိုင်နှုန်းအထိ ဆောင်ရွက် နိုင်ခဲ့ပြီးဖြစ်သည်။

တမူး နယ်စပ်ကုန်သွယ်ရေးစခန်းမှ အိန္ဒိယနိုင်ငံသို့ ကုန်သွယ်မှုတွင် ၂၀၂၂ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ရှစ်လတာအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာသန်း ၆ ဒသမ ၆၃ သန်း၊ သွင်းကုန် ပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၃၁ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၆၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ အများဆုံးပို့ကုန်များမှာ ကွမ်းသီး၊ မက်မန်းသီး၊ မြေပဲဆန်၊ ကြက်သွန်နီ၊ နန့်ဖာလုံကုန်စုံနှင့် စီးကရက်အမျိုးမျိုးတို့ဖြစ်ပြီး သွင်းကုန်များအနေဖြင့် ဓာတ်မြေဩဇာနှင့် ဆံပင်တို့ဖြစ်ကြောင်း သိရသည်။

တမူးကုန်သွယ်ရေး စခန်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်များနှင့်အညီ ကုန်သွယ်မှုတွင် ကြုံတွေ့နေရသော အခက်အခဲများကို ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ OSS ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းများဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုလျာထားချက် ပြည့်မီစေရေး ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

**ကိုရိုး**

## တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် ဒီဇင်ဘာ ၈

**ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ ဘုရင့်နောင်ဈေးကွက်အတွင်း ကြက်သွန်နီအသစ်နှင့် အဟောင်းဈေးနှုန်းများ စံချိန်သစ်တင် မြင့်တက်နေဆဲဖြစ်ပြီး စားအုန်းဆီဈေးနှုန်း ထပ်မံကျဆင်းလာသည်။**

**ကြက်သွန်နီ**

ဒီဇင်ဘာ ၅ ရက်တွင် မြစ်သားမိုးကြက်သွန်နီအသစ် ပိဿာချိန် တစ်သိန်းဝန်းကျင် ဝင်ရောက်ခဲ့သည်။ ဒီဇင်ဘာ ၆ ရက် ဘုရင့်နောင်ဈေးကွက်သို့ နွေကြက်သွန်နီ အဟောင်းများ ဝင်ရောက်ခြင်းမရှိဘဲ မိုးကြက်သွန်အသစ်များသာ ဝင်ရောက်လာခဲ့သည်။ ဒီဇင်ဘာ ၇ ရက်တွင် မိုးကြက်သွန်အသစ်များဖြစ်သော မြင်းခြံကြက်သွန် လက်ကားတစ်ပိဿာ ကျပ် ၄၄၀၀၊ မြစ်သား ကြက်သွန်နီ ကျပ် ၄၇၀၀ နှုန်းရှိသည်။ တရုတ်ကြက်သွန်နီအလုံးကြီး တစ်ပိဿာလက်ကားဈေး ကျပ် ၂၀၀၀ မှ ကျပ် ၃၃၀၀ အထိ ရှိနေသည်။

**စားအုန်းဆီ**

ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေး စားအုန်းဆီ တစ်ပိဿာကျပ် ၄၆၃၀ ဖြစ်ရာ ယခင်အပတ်ထက် တစ်ပိဿာ ရည်ညွှန်းဈေး ၂၀၅ ကျပ် ဈေးနှုန်းမြင့်တက်လာသည်။ ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်ဆီဈေးကွက်အတွင်း ကန်တင်ဆီဈေးနှုန်း DO စာရွက်ဈေး လက်ကားတစ်ပိဿာ ကျပ် ၅၃၅၀ နှုန်းရှိသည့်အတွက်



ရည်ညွှန်းလက်ကားဈေးနှုန်းထက် စာရွက်ဈေးမှာ တစ်ပိဿာကျပ် ၇၂၀ သာ ဈေးမြင့်ကြောင်း တွေ့ရသည်။ ဒီဇင်ဘာ ၇ ရက်တွင်မူ စားအုန်းဆီပြင်ပဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်။

**ဆန်**

ဒီဇင်ဘာ ၇ရက်တွင် ကောက်ညှင်းဆန် လက်ကားတစ်အိတ် ဖျာပုံနယ်ထွက် (လာအို) ရှယ် ကျပ် ၈၈၀၀၀ နှုန်း၊ ပုသိမ်နယ်ထွက် ကျပ် ၈၅၀၀၀ နှင့် အခြားနယ်ထွက် ကျပ် ၈၀၀၀၀ နှုန်းသာရှိသည်။ မိုးဆန်ကြမ်းအသစ် တစ်အိတ်ကျပ် ၄၂၀၀၀၊ ဆန်ကြမ်း အဟောင်းသီးထပ် တစ်အိတ်ကျပ် ၄၇၀၀၀-၄၈၀၀၀၊ ရက် ၉၀ ရှယ် တစ်အိတ် ကျပ် ၅၀၀၀၀-၅၁၀၀၀၊ ပေါ်ကျွဲ တစ်အိတ် ကျပ် ၅၃၀၀၀ နှုန်းရှိသည်။ ပေါ်ဆန်းရင်အသစ်တစ်အိတ် ကျပ် ၅၆၀၀၀-၅၈၀၀၀၊ ပေါ်ဆန်းအဟောင်း ဖျာပုံနယ်ထွက် တစ်အိတ် ကျပ် ၆၅၀၀၀၊ ပုသိမ်/မြောင်းမြနယ်ထွက် ကျပ် ၆၈၀၀၀-၇၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ကျပ် ၉၀၀၀၀-၉၅၀၀၀ နှုန်း ရှိနေသည်။

**ကြက်သွန်ဖြူ/အာလူး**

ဒီဇင်ဘာ ၇ ရက် ရှမ်းအောင်ပန်း ကြက်သွန်ဖြူလက်ကားတစ်ပိဿာ ကျပ် ၃၉၀၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ ကျပ် ၃၃၀၀ နှုန်းဖြင့် ဈေးနှုန်းမပြောင်းလဲဟု သိရသည်။ အာလူးဈေးကွက်၌ တရုတ်အာလူး အဝင်များလျက်ရှိနေပြီး ဒီဇင်ဘာ ၇ ရက်တွင် ရှမ်းအောင်ပန်းအာလူး တစ်ပိဿာကျပ် ၂၁၅၀၊ တရုတ်အာလူး တစ်ပိဿာ ကျပ် ၂၃၀၀ နှင့် အသစ်မှာ ကျပ် ၁၇၀၀ နှုန်းရှိသည်။

**ငရုတ်**

ဒီဇင်ဘာ ၇ ရက်တွင် မိုးထောင်နယ်စုံ ငရုတ်လက်ကား တစ်ပိဿာကျပ် ၁၂၀၀၀-၁၃၀၀၀၊ ရှမ်းငရုတ်ရှည် ကျပ် ၁၃၀၀၀-၁၃၅၀၀၊ ရှမ်းဘူးဆို့ငရုတ် ကျပ် ၁၆၀၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွအသစ် ၂၈၀၀၀ ကျပ်၊ မြစ်ဝ ငရုတ်ပွ အအေးခန်းထုတ် တစ်ပိဿာ ကျပ် ၃၁၀၀၀နှုန်းရှိသည်။

**ပဲအမျိုးမျိုး**

ဒီဇင်ဘာ ၇ရက် ရန်ကုန် ပဲဈေးကွက်အတွင်း မတ်ပဲ (FAQ/RC) တစ်တန် ၁၇၄၀၀၀၀ကျပ်၊ (SQ) တစ်တန် ကျပ် ၁၉၆၀၀၀၀၊ ပဲစင်းငုံနီ (Red/RC) တစ်တန် ကျပ် ၁၈၃၅၀၀၀၊ ပဲတီစိမ်း ခရမ်းရွှေဝါ (ထိပ်စ) တစ်ပိဿာ ကျပ် ၂၈၃၀-၃၀၀၀ နှင့် ကုလားပဲခြမ်း တစ်ပိဿာကျပ် ၃၉၀၀- ၄၁၀၀နှုန်း အသီးသီးရှိသည်။

**အောင်ခင်နိုင်**




# ကမ္ဘာ့ဖလားဖိုလ်စွဲနိုင်ခြေနဲ့ ဘရာဇီးအသင်းရဲ့ လားရာ

**လင်းလက်ကြယ်**

**လက်ရှိ**ကျင်းပနေတဲ့ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကတော့ အုပ်စုအဆင့်နဲ့ ၁၆ သင်းအဆင့် ယှဉ်ပြိုင်မှုတွေ ပြီးဆုံးခဲ့ပြီ ဖြစ်ပါတယ်။ ပြိုင်ပွဲမစခင်က ဘောလုံးချစ်ပရိသတ်တွေ ထင်ကြေးပေးခံရတဲ့ အသင်းကြီးတွေ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့တာရှိသလို မထင်မှတ်ဘဲ အုပ်စုအဆင့်နဲ့ လှည့်ပြန်ရတဲ့ အသင်းကြီး အချို့လည်း ရှိနေပါတယ်။

အဲဒီအသင်းကြီးတွေထဲမှာ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ မက္ကဆီကိုနဲ့ ဥရုဂွေးအသင်းတို့ ပါဝင်နေတယ်။ ဂျာမနီအသင်းက အုပ်စု(င) မှာ ဂျပန်၊ စပိန်၊ ကော့စတာရီကာ အသင်းတို့နဲ့ တစ်အုပ်စုတည်း ကျရောက်နေတာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ ပရိသတ်တွေ ထင်ကြေးပေးခဲ့တာပါ။ တကယ်တမ်း အုပ်စုတွင်းပြိုင်ပွဲ ပြီးဆုံးချိန်မှာတော့ ဂျာမနီအသင်းက စပိန်အသင်းနဲ့ ရမှတ်လေးမှတ်တူ ဂိုးကွာခြားချက်နဲ့ အုပ်စုတတိယရကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရတာ ဖြစ်ပါတယ်။

ထိုနည်းတူ ဘယ်လ်ဂျီယံအသင်းရော၊ ဥရုဂွေးအသင်းပါ အုပ်စုတွင်းပြိုင်ပွဲပြီးဆုံးချိန်မှာ အုပ်စုတတိယသာရရှိခဲ့တာကြောင့် နောက်တစ်ဆင့်တက်လှမ်းခွင့်နဲ့ လွဲချော်ခဲ့ရပါတယ်။

အုပ်စုတွင်းပြိုင်ပွဲပြီးဆုံးချိန်မှာ နောက်တစ်ဆင့်ကို တက်လှမ်းမယ်လို့ ထင်ကြေးပေးခံရတဲ့ အသင်းကြီးတွေ တက်လှမ်းနိုင်ခဲ့တာလည်း ရှိပါတယ်။ အဲဒီအသင်းတွေထဲမှာ နယ်သာလန်၊ အင်္ဂလန်၊ အာဂျင်တီးနား၊ ပြင်သစ်၊ ဘရာဇီးနဲ့ ပေါ်တူဂီအသင်းတို့ ပါဝင်နေပါတယ်။ အဲဒီအသင်းတွေထဲမှာမှ အရှိန်အဟုန်ကောင်းကောင်းနဲ့ တက်လှမ်းနိုင်ခဲ့တာဆိုလို့ ဘရာဇီးအသင်းပဲ ရှိမယ်ထင်တယ်။ ဘရာဇီးအသင်းက အဖွင့်ပွဲစဉ်မှာ ဆားဘီးယားကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ်မှာ ဆွစ်ဇာလန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိခဲ့တယ်။

အုပ်စုတတိယပွဲစဉ်မှာ ကင်မရွန်းအသင်းကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် ဂိုးကန်သွင်းချက် ၂၂ ကြိမ်မှာ ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်အထိရှိပြီး တိုက်စစ်ပိုင်း အဆုံးသတ်အားနည်းလို့သာ အရေးနိမ့်ခဲ့တာ ဖြစ်တယ်။ ဒါ့အပြင် အဲဒီပွဲစဉ်မှာ ဘရာဇီးနည်းပြတီတီဟာ အသင်းနောက်တစ်ဆင့်တက်ရောက်ထားနိုင်ပြီဖြစ်တာကြောင့် ကစားသမားကိုးဦးအထိ အပြောင်းအလဲပြုလုပ်ကာ အသက် ၃၉ နှစ်အရွယ် ဒန်နီအဲဗက်စ်၊ အီဒါဆင်၊ ဘရီမာစတဲ့ အရန်ကစားသမားတွေနဲ့သာ ပွဲထွက်လာခဲ့တာ ဖြစ်တယ်။

ပြောမယ်ဆိုရင် ဘရာဇီးအသင်းက နည်းပြတီတီရဲ့ အတောင့်တင်းဆုံး လူစာရင်းနဲ့သာ ပွဲထွက်လာရင် ပြိုင်ဘက်ကို ပွဲချိန်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာနဲ့ ထိန်းချုပ်ကစားထားနိုင်စွမ်းရှိတယ်။ ပြိုင်ဘက်အသင်းက တုံ့ပြန်ကစားပုံကောင်းမွန်ခဲ့ရင်လည်း ပုံစံကောင်း ပျောက်ဆုံးမသွားဘဲ တည်တည်ငြိမ်ငြိမ်နဲ့ ကစားထားနိုင်တယ်။

နောက်ပြီး ဘရာဇီးအသင်းမှာ နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားအထိ ပွဲရလဒ်အဖြေကို ပြောင်းလဲနိုင်စွမ်းရှိတဲ့ ရစ်ချတ်လီဆန်၊ ဗင်နီးစီးယပ်စ်၊ နေမာ၊ ရာဖင်ညာ၊ ကက်စမဲရိုးတို့လို ကစားသမားတွေ အများအပြားရှိတယ်။ ဒါကြောင့်လည်း ဘောလုံးကျွမ်းကျင်သူတွေက ဘရာဇီးအသင်းကို ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်လိမ့်မယ်လို့ ပြိုင်ပွဲမစခင်ကတည်းက ခန့်မှန်းထားခဲ့တာဖြစ်တယ်။

ခန့်မှန်းထားတဲ့အတိုင်းလည်း ဘရာဇီးအသင်းက လက်ရှိအချိန်အထိ ပြိုင်ဘက်တိုင်းကို လျင်မြန်မှု၊ ထက်မြက်မှု၊ ဂိုးရလိုစိတ်ပြင်းထန်မှုနဲ့အတူ ဘက်စုံ၊ ထောင့်စုံကနေ ဖိအားပေး ကစားနိုင်စွမ်းရှိတယ်။ ကစားလည်း ကစားထားနိုင်တယ်။ ၁၆ သင်းအဆင့်မှာ တောင်ကိုရီးယားကို နိုင်တဲ့ပွဲစဉ်ဆိုရင် အဓိက တိုက်စစ်ကစားသမားနေမာ ပြန်လည်ပါဝင်လာနိုင်မှုနဲ့အတူ ပထမပိုင်းပွဲချိန် ၃၆ မိနစ်ကတည်းက လေးဂိုးပြတ် သွင်းထားနိုင်တယ်။

လက်ရှိမှာတော့ ဘရာဇီးအသင်းဟာ ကွာတားဖိုင်နယ်မှာ ခရိုအေးရှားအသင်းနဲ့ ရင်ဆိုင်ကစားသွားရမှာ ဖြစ်တယ်။ နည်းပြတီတီရဲ့ စိတ်ကြိုက်ကစားသမားစာရင်းနဲ့ ပွဲထွက်လာရင် ပရိသတ်တွေ မျှော်လင့်ထားသလို ခရိုအေးရှားအသင်းကို ကျော်ဖြတ်နိုင်ဖွယ်ရာရှိတယ်။ သို့သော်ငြား ကမ္ဘာ့ဖလားပြိုင်ပွဲမှာ မထင်မှတ်ထားတာတွေ ဖြစ်လေ့ရှိတာကြောင့် ကမ္ဘာ့ဖလားကို ဘရာဇီးအသင်းဆွတ်ခူးသွားနိုင်မလားဆိုတာ လက်ကျန်ပွဲစဉ်တွေက ဆုံးဖြတ်ပေးသွားမှာ ဖြစ်ပါတယ်။



## ဘယ်လ်ဂျီယံကစားသမား ဟာဇက် နိုင်ငံတကာကစားသမားဘဝမှ အနားယူ

ဘယ်လ်ဂျီယံကစားသမား အီဒင်ဟာဇက်သည် အသက် ၃၁ နှစ်အရွယ်တွင် နိုင်ငံတကာကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဟာဇက်သည် ဘယ်လ်ဂျီယံအသင်း၌ ပွဲဦးထွက်ပွဲကို ၂၀၀၈ ခုနှစ်က အသက် ၁၇ နှစ်အရွယ်တွင် စတင်ခဲ့ပြီး စုစုပေါင်း ၁၂၆ ပွဲပါဝင်ကစားထားကာ ၃၃ ဂိုး သွင်းယူပေးထားသည်။ အဆိုပါ ကြေညာချက်သည် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘယ်လ်ဂျီယံအသင်း အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ပေါ်ထွက်လာခြင်း ဖြစ်သည်။ ထို့ပြင် အသင်းနည်းပြဖြစ်သူ ရော်ဘတ်တို မာတီနက်ဇ်သည်လည်း ဘယ်လ်ဂျီယံအသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ဟာဇက်သည် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘယ်လ်ဂျီယံအသင်းကို ဆီမီးဖိုင်နယ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ အောင်ဇော်

## အင်္ဂလန်အသင်း ကမ္ဘာ့ဖလားဆွတ်ခူးနိုင်မည်ဟု ယုံကြည်ကြောင်း မက်ဂွိုင်းယား ပြော

အင်္ဂလန်အသင်းအနေဖြင့် ၂၀၁၈ နှင့်မတူဘဲ ယခုနှစ်တွင် ကမ္ဘာ့ဖလားဆွတ်ခူးနိုင်မည်ဟု ယုံကြည်ထားကြောင်း ဗဟိုခံစစ်ကစားသမား မက်ဂွိုင်းယားက ပြောသည်။

နည်းပြဆောက်ဂိတ်၏ အင်္ဂလန်အသင်းသည် လွန်ခဲ့သည့် လေးနှစ်က ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်ပြီး ယခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းသည် ကွာတားဖိုင်နယ်အထိ တက်လှမ်းထားနိုင်ကာ လက်ရှိချန်ပီယံ ပြင်သစ်အသင်းနှင့် ရင်ဆိုင်ကစားသွားရမည်ဖြစ်သည်။

အသက် ၂၉ နှစ်အရွယ် မက်ဂွိုင်းယားသည် ယခုနှစ်ရာသီတွင် ကလပ်အသင်းအတွက် ပွဲကစားခွင့်ရရန် ရုန်းကန်ခဲ့ရသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်ရှိအချိန်အထိ အင်္ဂလန်အသင်း၏ ပွဲစဉ်တိုင်းကို ပါဝင်ကစားခွင့်ရရှိထားသူ ဖြစ်သည်။

“ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဖလားဆွတ်ခူးဖို့ အလွန်ခက်ခဲကြောင်း ကျွန်တော်သိပါတယ်။ ဒါပေမယ့် ဒီနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ကျွန်တော်တို့အသင်း ဖလားဆွတ်ခူးနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ဖလားဆွတ်ခူးနိုင်မယ့် အသင်းထဲ ကျွန်တော်တို့ မပါဝင်ခဲ့ပေမယ့် လက်ရှိမှာတော့ ဖလားဆွတ်ခူးနိုင်မယ့် ငါးသင်း သို့မဟုတ် ခြောက်သင်းစာရင်းထဲမှာ ကျွန်တော်တို့ ပါဝင်ပါတယ်” ဟု မက်ဂွိုင်းယားက ပြောသည်။

### ကမ္ဘာ့ဖလားပြိုင်ပွဲသွင်းဂိုးအများဆုံး သွင်းယူထားသူများ

| စဉ် | အမည် | အသင်း | ဂိုး |
|---|---|---|---|
| ၁။ | အမ်ဘာတ်ပီ | ပြင်သစ် | ၅ |
| ၂။ | ရာမို့စ် | ပေါ်တူဂီ | ၃ |
| ၃။ | မက်ဆီ | အာဂျင်တီးနား | ၃ |
| ၄။ | ရက်ဖို့ဒ် | အင်္ဂလန် | ၃ |



## ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီလှည့်လည်အပူဇော်ခံ၊ စွယ်တော်တိုက်တွင် ပြန်လည်ကိန်းဝပ်ရန် ပင့်ဆောင်

**သီပေါ ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ပန်းတိမ်တောင်ရပ် အောင်မင်္ဂလာဘိုးတော်ကျောင်း ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသော နှစ်ပေါင်း ၁၃၀ ကျော်က သီပေါစော်ဘွားကြီး စောကြာခိုင် သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်ခဲ့သည့် ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်အပူဇော်ခံပွဲနှင့် မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်တိုက်တွင် ကိန်းဝပ်ရန် ပြန်လည်ပင့်ဆောင်ခြင်းနှင့် အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ကျောင်းတိုက်ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ပဓာနနာယက က ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်ထံမှ ဩဝါဒကထာနှင့် ငါးပါးသီလခံယူဆောက်တည်ကြပြီး မြတ်စွယ်တော် ပင့်ဆောင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံတင့်က သာသနာရေးဆိုင်ရာများကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးမြသန်းက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် အားသာချက်၊ အားနည်းချက်များကို လည်းကောင်း သုံးသပ်တင်ပြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဗုဒ္ဓမြတ်စွယ်တော်အားစွယ်တော်တိုက်အတွင်း ပြန်လည်ကိန်းဝပ်သီတင်းသုံးတော်မူရန် ပင့်လျှောက်ပြီး ပွဲတော်ကျင်းပရေးနာယကဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းနှင့် တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

**စိုင်း(သီပေါ)**

## ပေါင်းတည်မြို့နယ်တွင် ပရိတ်ရွတ်ပြိုင်ပွဲဖွင့်

**ပေါင်းတည် ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မကျီးပင်ကျေးရွာအုပ်စု အ.ထ.က(ခွဲ)ပေါက်တန်းတွင် ကျောင်းကောင်စီအသင်းလိုက် ပရိတ်တော်ရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကျီးပင်အုပ်စု ပေါက်တန်း ရွာဦးကျောင်းတိုက် ဆရာတော် ဦးဩသနှင့် ဆရာတော် သံဃာတော်များက နမောတဿဗုဒ္ဓပဏာမဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားပြီး ပေါက်တန်း အ.ထ.က(ခွဲ) ကျောင်းအုပ် ဆရာကြီး ဦးထွန်းထွန်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားရာ၌ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် ရတနာမြတ်သုံးပါးတို့ကို ရင်ဝယ်ပိုက်ထွေး၍ ကိုယ်နှုတ်နှလုံးသုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့သော၊ အမျိုးဘာသာယဉ်ကျေးမှုကို မြတ်နိုးသော၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်သော နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ဤဗုဒ္ဓပရိတ်တော်ရွတ်ဖတ်ပူဇော်ပြိုင်ပွဲကို ကျင်းပ ပေးရခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းများမှ ဝတ်ရွတ်အဖွဲ့ ငါးသင်းဖြင့် စုဖွဲ့ယှဉ်ပြိုင်စေပြီး စုစုပေါင်း ၁၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**သူရကြီး(ပြန်/ဆက်)**

## ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ၌ ဆက်လက်ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် (နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ)ဦးမြင့်စိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ ညွှန်ကြားရေးမှူးများ၊ ဌာနခွဲများမှ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကိုသုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။



ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ကယားပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ချင်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

❖ *ကျောဖုံးမှ*

ဆိပ်ကမ်းမှ ပထမအသုတ်အဖြစ် နိုဝင်ဘာ ၂ ရက်မှ ၂၂ ရက်အထိ သင်္ဘောလေးစင်းဖြင့် ဧည့်မထဆန် ၅ မတ်၊ ဆန်တန်ချိန် ၁၀၅၆၅ တန် တင်ပို့ခဲ့သည်။ ဒုတိယအသုတ်အဖြစ် ဒီဇင်ဘာ ၁ ရက်၌ MCL-19 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၁၀ နှင့် ဒီဇင်ဘာ ၈ ရက်၌ MCL-12 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ စုစုပေါင်းဆန်တန်ချိန် ၅၂၆၀ တင်ပို့ထားပြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းသို့ သုံးစင်းမြောက် သင်္ဘောဖြစ်သော MCL-18 သင်္ဘောသည် ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဆိုက်ရောက်ကာ ပို့ကုန်ဆန်များ ဆက်လက်တင်ပို့ရန် ဆောင်ရွက်လျက်ရှိသည်။

"ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းကနေ ဆန်ဆက်ပြီးတင်ပို့ဖို့ကျန်နေသေးတဲ့အတွက် ဆန်ကိုပဲ အဓိကထားပြီးတင်ပို့နေပါတယ်။ ရေလမ်းကြောင်းနဲ့ ဆက်စပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆန်အပြင် ပြောင်းကို ဝယ်ယူမယ်ဆိုရင်လည်း တိုင်းဒေသကြီးမှာ ရှိနေပါတယ်။ ဈေးကွက်ဝယ်လိုအားပေါ်မူတည်ပြီး တင်ပို့နိုင်ဖို့ အသင့်ရှိနေပါတယ်။ ဒီနေ့မနက်ဆိုရင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဒုတိယအသုတ် ဆန်တင်ပို့မှုမှာ နှစ်စင်းမြောက် သင်္ဘောထွက်ခွာသွားပါပြီ။ ဧရာဝတီတိုင်းဒေသကြီးကနေ ရေလမ်းကြောင်း အဆင်ပြေတဲ့ ကုန်သွယ်ဖက်နိုင်ငံတွေကို စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းမျိုးစုံတင်ပို့ဖို့ လျာထားပေမယ့် ကနဦးအနေနဲ့ဆန်ကိုပဲ အပြီးအပြတ်တင်ပို့နိုင်အောင် ကြိုးပမ်းနေပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမအသုတ် ဆန်တင်ပို့ပြီးချိန်တွင် ဒီဇင်ဘာ ဒုတိယအပတ်၌ ဒုတိယအသုတ်အဖြစ် ဆန်များ ဆက်လက်တင်ပို့ရန် ပထအဆုံးသင်္ဘော ဝင်ရောက်မည်ဟု ကနဦး ခန့်မှန်းထားသော်လည်း တိုင်းဒေသကြီးအတွင်း၌ ဆန်စက်များ ကြိတ်ခွဲအား ကောင်းမွန်ခြင်းနှင့် လိုအပ်သောစပါးများ အသင့်ရှိနေသည့်အတွက် အရည်အသွေးကောင်းမွန်သော ပို့ကုန်ဆန်များ အလျင်မပြတ် ဆက်လက်တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ဒီဇင်ဘာပထမအပတ်၌ ဒုတိယအသုတ် ပို့ကုန်ဆန်များကို ဆက်လက်တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန် လျာထားသော ဆန်တန်ချိန် ပြည့်မီရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ထိုသို့မြန်မာပြည်၏ စပါးကျီ ဟု တင်စားထားသော ဧရာဝတီတိုင်းဒေသကြီးမှ ပြည်ပသို့ဆန်တိုက်ရိုက်တင်ပို့နိုင်မှုကြောင့် တောင်သူ၊ လုပ်ငန်းရှင်၊ ဆန်စက်ပိုင်ရှင်များ စီးပွားရေးအခွင့်အလမ်းများ အဆင်ပြေလျက်ရှိပြီး ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလျက်ရှိကြောင်း သိရသည်။

**ညီလေး**

❒ *ကျောဖုံးမှ*

အောင်လအန်ဆန်သည် ONE Championship နှင့် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သော်လည်း ပြိုင်ဘက်ကစားသမားနှင့် ထိုးသတ်ရမည့်ရက် မသိရသေးဘဲ ၂၀၂၃ နှစ်ဆန်းပိုင်းမှသာ အစောဆုံး ဖြစ်ဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်းသာ ထိုးသတ်မည်ဖြစ်ကြောင်း ကြေညာထားသဖြင့် လာမည့်ပွဲကိုလည်း မစ်ဒယ်ဝိတ်တန်းသာ ထိုးသတ်ရမည်ဖြစ်ပြီး ချန်ပီယံလုပွဲ သို့မဟုတ် စိန်ခေါ်ပွဲကိုမူ ONE Championship က ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

အောင်လအန်ဆန်သည် ၎င်းလက်လွှတ်ခဲ့ရသည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပြန်လည်ရယူနိုင်ရန် ပစ်မှတ်ထားကြိုးပမ်းနေသူဖြစ်ပြီး ကမ္ဘာ့ချန်ပီယံဆု လက်လွှတ်ရအပြီး စိန်ခေါ်ပွဲ သုံးပွဲထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲအရှုံးနိမ့်ထားသည်။ အောင်လအန်ဆန်သည် ပြီးခဲ့သည့်နှစ်က ဘရာဇီးနိုင်ငံသား လီအန်ဒရိုနှင့် ထိုးသတ်ရာ အနိုင်ရခဲ့သော်လည်း ယခုနှစ် ဖေဖော်ဝါရီက ရုရှားနိုင်ငံသား ဘစ်ဒက်ရှ်နှင့် ထိုးသတ်ရာ အမှတ်ဖြင့် အရှုံးနိမ့်ခဲ့သည်။ နောက်ဆုံးပွဲအဖြစ် ယခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ဂျပန်နိုင်ငံသား အိုကာမီနှင့် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲ ထိုးသတ်ရာ ပထမအချီမှာပင် အနိုင်ရခဲ့ခြင်းဖြစ်သည်

**ကိုညီလေး၊ ဓာတ်ပုံ- ONE**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁၂-၂၀၂၂ သောကြာနေ့

**MRTV HD**

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ မောရ္ဇုဂ်သုတ်အန္တရာယ်ကင်း ပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ **ဒီပိုကရေစီဆိုရာဝယ်**
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၁၀ သရေခေတ္တရာပျူမြို့ဟောင်းဆီသို့ အလည်တစ်ခေါက်
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါးအချစ်ချိုချို**' (အပိုင်း-၂၉)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချီတက်**' (အပိုင်း-၅)
၁၅:၃၀ လူငယ်ရေးရာအစီအစဉ်
၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
၁၇:၁၅ '**အပြည်ပြည်ဆိုင်ရာအဝတီလိုက်စားမှုတိုက်ဖျက်ရေးနေ့**' (Video Clip)
၁၇:၃၀ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာ...သိရှိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါးအချစ်ချိုချို**' (အပိုင်း-၃၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၅)

**mitv**

07:01 Evergreen Classic: Zambudipar (Shwe Yee Win)
07:09 The Longest Living Siblings (Part-1)
07:32 Mt. Naw Bu Baw
07:42 Home for the Beautiful Star Tortoises
08:01 News
08:26 Journey To The Mogok (Part-2)
08:52 Trishaw Man
09:01 Listening Pleasure, Instrumental Music (Horn Violin) Special Show
09:13 Excavation at Kawhmu
09:23 Welcome to the 10th ASEAN QUIZ (Myanmar)
09:36 Mosaic Painting (Precious Stones & Gems
09:52 Myanmar Traditional Snacks: Sago Syrup with Sweet Potato
10:01 News
10:27 Topical Topics (No.12) Minimize Disposing of Plastic Waste & Learning a Lesson from Natural Disasters
10:33 A Glance At A Naga Family Life

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း
**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းရိုးရာတူရိယာများ
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ငါးရံ့သရက်သီးချက်
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
တို့ဓလေ့တို့သဘာဝ
**'ဝ' (၁၄:၀၀ မှ ၁၆:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် စာပေစကားပြောကြရအောင်(အပိုင်း-၁)
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ငါးပေါင်းချက်ကြမယ်
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ခဲသမားတို့ရဲ့ဘဝ
**ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀)**
နေဗီယာပန်ချောင့်ဝမ်ပြက်နှင့်ဓမ္မမြူရေး
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ "ရသစုံစွာဤမြေပေါ်မှာ"
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ကာတာကမ္ဘာ့ဖလား (Hightlights)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၅:၄၅ "ကာတာကမ္ဘာ့ဖလား" (ပွဲကြိုသုံးသပ်ချက်)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**အလည်လွန် အလွယ်လုပ် အလွဲဖြစ်**"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (တောင်အာဖရိကနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ "အတွေးအမြင်" (အပိုင်း-၄)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
၀၆:၂၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၀၆:၄၀ မျိုးစေ့တစ်စေ့၏တန်ဖိုး(ဇာတ်လမ်းတို)
၀၇:၀၀ ကျေးလက်ကွန်ရက်
၀၇:၅၀ စပ်မျိုးပြောင်းမျိုးသစ်များထုတ်ဝေမှုမှသည် နောင်ချိုမြိုဆီသို့
၀၈:၂၀ ပြည်ထောင်စုနယ်မြေမှနေချစ်ဖွယ်ကျေးရွာများ
၀၉:၁၀ အပူပိုင်းဒေသတောင်သူအကျိုးမြင်ခြံ စိုက်/သုမှုပုံပိုး

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၁၅:၂၀ 2022 World Cup Hightlight/ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
၁၈:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကျောက်တော်မြို့နယ် သက်ထင်ကျေးရွာ ရေရရှိရေးလုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီး

ကျောက်တော် ဒီဇင်ဘာ ၈

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရက ကျပ်သန်း ၁၀၇ ဒသမ ၈၆၇ သန်းဖြင့် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ သက်ထင်ကျေးရွာရေရရှိရေးလုပ်ငန်းကို တင်ဒါအောင် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ရာ ဦးအောင်ခိုင်ဇော် (လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ) ဦးဆောင်သည့် လုပ်ငန်းပြီးစီးမှု စိစစ်ရေးအဖွဲ့က ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်း စစ်ဆေးသည်။

အဆိုပါ လုပ်ငန်းပြီးစီးပါက ယင်းကျေးရွာ၏ အိမ်ခြေ ၁၄၄ အိမ်၊ လူဦးရေ ၇၄၂ ဦးအတွက် သောက်သုံးရေ လုံလောက်စွာ ရရှိသုံးစွဲနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)





ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ဆေးရုံအုပ်ကြီးနှင့် အထောက်အကူပြုအဖွဲ့တို့ ဆေးရုံ၌ လိုအပ်မှုများ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်က ဆေးရုံအဆောင်(အေ)၌ ပြုလုပ်ရာ လမ်းမတော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၁၂ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၀၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၀၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၈၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၈၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၇၀ ကျပ် | ၂၃၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၆၅ ကျပ် | ၁၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၆၀ ကျပ် | ၂၀၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၀၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၄၆ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၃၁၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၂ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၇ . ၂၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၂၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၇၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၁၇၂၈ | ၅၇၈၈၈၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၄၁ | ၃၁၅၇၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၂ | ၂၃၄၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၂၃ | ၃၁၉၈၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၀၀ | ၂၇၀၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၇၀ | ၃၅၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၈

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ရတနသိဒ္ဓိပရိယတ္တိစာသင်တိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်သဇင်ကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေတဝနာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ချမ်းသာရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အနန္တမေတ္တာကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အစ္ဆရိယာရာမကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်နှင့် ရန်ကင်းမြို့နယ်ရှိ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာသုဗောဓာရုံကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပြည်တော်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရတနာသိဒ္ဓိကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ ရွှေအိုးရကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မူလမင်းကွန်းပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/4502 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/76564 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဦး ၉/ပမန(နိုင်)၁၅၀၂၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/79768, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်အေး ၁၄/ပပတ(နိုင်)၁၄၄၈၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အထက(ရွာသာယာ) G-10 မှ မဖြိုးလေး၏ ဖခင်ဖြစ်သူ ဦးစိုး(ခ)ဦးတာတာ ၇/ထတပ(နိုင်)၁၁၄၅၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုး(ခ) ဦးတာတာ**

### ပျောက်ဆုံးကြောင်း

ဦးအောင်အောင်-ဒေါ်နှင်းနုနုနိုင်တို့၏သမီး နန်းအိရွှန်းလဲ့အောင်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၁၈၄၁၂၂၃**




## လှိုင်ကော်မြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကျင်းပ



လှိုင်ကော် ဒီဇင်ဘာ ၈

ကယားပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်လမ်းများဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီ၏ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို လှိုင်ကော်မြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းတွင် ကယားပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဝင်းက ကယားပြည်နယ်၌ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို ဆပ်ကော်မတီ (၈)ရပ်ဖြင့် ဖွဲ့စည်းထားပြီး ကလေးအလုပ်သမား ပပျောက်ရေးစီမံချက်ကို သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကာလတိုသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ခဲ့ရာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း အခြေခံဇာထိုးပန်းထိုးသင်တန်းနှင့် မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်း ပြောကြားသည်။ ထို့နောက် လုပ်ငန်းဆပ်ကော်မတီဝင်များက သင်တန်းသားသင်တန်းသူများ စာတွေ့၊ လက်တွေ့ သင်ကြားနေမှုများနှင့် လူသုံးကုန်ထုတ်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

သင်တန်းတွင် ဆပ်ပြာခဲ၊ ဆပ်ပြာဆီအမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ လက်သန့်ဆေးရည်အမျိုးမျိုး စသည်တို့ကို သင်တန်းသား သင်တန်းသူ ၂၆ ဦးတို့အား စာတွေ့၊ လက်တွေ့ဖြင့် ငါးရက်ကြာအခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုဇင်(လှိုင်ကော်)**

## သဲကုန်းမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

သဲကုန်း ဒီဇင်ဘာ ၈

သဲကုန်းမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့များအား လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက လူကုန်ကူးမှု တာဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်စေလိုကြောင်း၊ မိမိပတ်ဝန်းကျင်တွင် လူကုန်ကူးမှုနှင့်ပတ်သက်ပြီး မသင်္ကာဖွယ်ရာများ တွေ့ရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်သတင်းပို့ဆောင်ရန်တို့ကို ပြောကြားသည်။ ထို့နောက် အမှတ်(၂၀) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပြည်)မှ ရဲအုပ်ထွန်းညွှန့်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ဆွေးနွေးခြင်း၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးသည်။



အဆိုပါသင်တန်းကို ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်များဖြစ်သည့် သင်တန်းသား ၅၀ တက်ရောက်ဆွေးနွေးခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ဒီဇင်ဘာဘာ ၈ ရက်မှ ၁၀ ရက်အထိ ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာ၊ အောင်မင်္ဂလာ(၁)လမ်း၊ အမှတ် (TGK(4)B-15)၊ အကျယ်အဝန်း (၁၃ပေx၃၅ပေ)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော ဦးမိုးသက်အောင် ၈/ဆပဝ(နိုင်)၀၇၁၄၈၈၊ ဒေါ်မြစန်းစုဝေ ၈/အလန(နိုင်)၁၆၁၉၆၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးသန်း ၁၁/ပဏတ(နိုင်)၁၃၂၈၇၅ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်မျိုးထွန်း LL.B,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၃၉၇၁)**
**အမှတ်-(၂၄၉/၀)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၉၁၁၁၂၈၅၊ ၀၉-၂၅၃၀၆၀၆၆၄**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မလှလှမြင့် ၈/တတက (နိုင်)၁၀၄၂၁၃ ၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**၀၉-၄၀၈၈၆၆၆၂၆**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သန်းဇော်ဦး ၈/သရန(နိုင်)၁၀၉၀၈၄ ၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**၀၉-၄၀၈၈၆၆၆၂၆**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/9464 Honda Fit GE6, Hatch Back(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမူ ၁၂/သဃက(နိုင်)၀၂၀၁၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### မပြည့်ပြည့်ဖြိုးကျော် (ဘ)ဦးကိုဦး ၁၂/မရက(နိုင်)၁၇၀၁၂၅ နှင့် အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ မောင်စွမ်းထက်သည် (ဘ)ဦးကိုဦး(မိ)ဒေါ်မြမြဝင်းတို့၏သမီးဖြစ်သူ မပြည့်ပြည့်ဖြိုးကျော်နှင့် ၂၀-၂-၂၀၁၈ ရက်တွင် လက်မှတ်ရေးထိုးပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ မပြည့်ပြည့်ဖြိုးကျော်သည် ဇနီးမယားဝတ္တရားမကျေပွန်သည့်အပြင် ခင်ပွန်းဖြစ်သူ၏အလုပ်ထဲတွင် ခင်ပွန်းဖြစ်သူ၏ ဂုဏ်သိက္ခာကျဆင်းစေသည့် အပြုအမူ၊ အပြောအဆိုများဖြင့် ပြုမူခြင်း၊ ခင်ပွန်း၏လုပ်ငန်းခွင်မှ မိန်းကလေးများ၏ ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်းများ ပြုလုပ်ခဲ့သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ပေါင်းသင်းရန်ဆန္ဒမရှိတော့ပါ။ ၂-၅-၂၀၂၁ ရက်မှစ၍ ကိုစွမ်းထက်သည် မပြည့်ပြည့်ဖြိုးကျော်နှင့် မည်သည့်ကိစ္စရပ်များတွင်မဆို လုံးဝ(လုံးဝ) ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း၊ အကယ်၍ မပြည့်ပြည့်ဖြိုးကျော်သော်လည်းကောင်း၊ ၎င်း၏မိသားစုဝင်သော်လည်းကောင်း ကျွန်ုပ်တို့၏မိတ်ဆွေစိတ်ဆင်းရဲအောင် ဂုဏ်သိက္ခာကျအောင် ပြုမူပြောဆိုခြင်း၊ နှောင့်ယှက်ခြင်းများပြုလုပ်ခဲ့မည်ဆိုပါက တည်ဆဲပြဋ္ဌာန်းဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း မပြည့်ပြည့်ဖြိုးကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**မောင်စွမ်းထက်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမသောင်း၊ (LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၇၈/၈၄)**
**ဖုန်း- ၀၉-၄၂၆၀၆၀၃၈၈**
**ဒေါ်ချောနန္ဒာ(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၂၇၁/၁၃-၁၀-၂၀၁၆)**
**ဖုန်း- ၀၉-၄၂၆၀၆၀၃၈၈**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁/၅ နန္ဒဝန်)၊ ဦးပိုင်အမှတ်(ကျောက္ကာလမ်း၊ ၁၂)၊ ဧရိယာ ၀ ဒသမ ၁၇၂ ဧကရှိမြေအား အမှုတွဲအမှတ် ၄၉၃ V ၂၀၁၃-၂၀၁၄ အရ ၂၁-၉-၁၉၉၂ ရက် မှ ၂၀-၉-၂၀၂၂ ရက်ထိ ဦးကံညွန့်အမည်ဖြင့် ဂရန်ရရှိထားသည့်မြေအနက်မှ ဦးပိုင်အမှတ်(၁၂-က)၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိမြေအား ဦးကျော်ထက်ထွန်း၊ ဒေါ်စန္ဒီချိုသိန်းဝင်း အမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း၊ သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရုံးတော်၌**

**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၄**

ဒေါ်ခင်စန္ဒာကျော် နှင့် ဦးလှငွေး

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ငထွေရှူးလမ်း၊ အမှတ် (၅/က)နေ ဦးလှငွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၇ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဉာဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

မစုစုအောင် ၁၂/လမန(နိုင်) ၁၅၉၉၈၉၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၂၀၉၀၆၉**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသင်ဇာခိုင် ၅/ပလန(နိုင်)၁၃၀၃၀၇၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၉၇၇၅၇၉၇၂၇**

## အမည်ပြောင်း

မြိတ်မြို့၊ အလက(၅) ပထမတန်းမှ ဦးတင်မောင်ကျော်၏ သား မောင်ကျော်ကိုကိုအား ယနေ့မှစ၍ မောင်အောင်ကောင်းဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ကောင်းဇင်**

## အမည်ပြောင်း

ဦးသက်ညီညီရွှေ ၉/ကဆန(နိုင်)၁၂၁၃၄၂ ၏ သမီး၊ မုံရွာမြို့၊ ILBSM (Grade-2)မှ မအိမ့်ထူးသွယ်အား မအိမ့်ထူးထူးသွယ်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

ဦးအောင်စိန်၏သမီး မြိတ်မြို့၊ မြိတ်တက္ကသိုလ်၊ ပစ္စည်းဌာနမှ ဌာနခွဲစာရေး ဒေါ်ဝင်းဝင်းခိုင်၏ အမည်မှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ဒေါ်ဝင်းခိုင် ၁၀/မဒန(နိုင်)၁၆၇၁၃၇ဖြစ်ပါကြောင်း။

**ဒေါ်ဝင်းခိုင်**

## မွေးသက္ကရာဇ်အမှန်

ကန့်ဘလူမြို့၊ အမှတ် (၃) ရပ်ကွက်နေ ဦးချစ်ရှိန်-ဒေါ်သောင်းသောင်းတို့၏ သားဖြစ်သူ ဦးစိုးထိုက် ၅/ကဘလ(နိုင်)၀၉၉၇၁၈၏ မွေးသက္ကရာဇ်အမှန်မှာ (၂၂-၂-၁၉၇၀)ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သာသနာထွန်းကားပြန့်ပွားရေး ဦးစီးဌာနရှိ ဦးသိန်းငွေး ၈/ရစက(နိုင်)၂၃၈၃၃၆၏ဖခင် အမည်မှန်မှာ ဦးအေဝမ်း(ခ)ဦးအေးဝင်း ၈/ရစက (နိုင်)၀၉၅၁၅၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အလက (ခွဲ) သိမ်ကုန်းကျောင်းနေ G-8 မဝိုင်းချစ် ၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းချမ်း ၉/ရမသ(နိုင်) ၂၂၈၁၇၁ ဖြစ်ပါကြောင်း။

## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ် (၉၈)နေ ဦးဝင်းတင် ၁၀/သဖရ(နိုင်)၀၀၈၆၅၇-ဒေါ်ခင်ခင်နွဲ့ ၁၀/သဖရ(နိုင်) ၀၆၄၉၁၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ် (၉၈)နေ ဦးဝင်းတင် ၁၀/သဖရ(နိုင်) ၀၀၈၆၅၇-ဒေါ်ခင်ခင်နွဲ့ ၁၀/သဖရ(နိုင်) ၀၆၄၉၁၉တို့၏သမီးဖြစ်သူ မသဇင်ထက် ၁၀/သဖရ(နိုင်)၁၆၃၇၁၈သည် မိဘများ၏ ဆိုဆုံးမမှုကိုလက်မခံဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ကာ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်တကွ ၎င်း၏အမွေဆက်ခံသူများအားလုံးကို အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောစုလတ်(စဉ်-၇၉၀၀)**
**တရားလွှတ်တော်ရှေ့နေ**
**မ-၇၊ အောင်ဆန်းလမ်း၊ ကြို့ခိုင်ရေးရပ်ကွက်၊ သံဖြူဇရပ်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပုသိမ်ခရိုင်တရားရုံးတော်၌**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၉**

ဒေါ်နှင်းသန္တာကို နှင့် ၁။ ဦးရဲမာန်ထက် ၂။ ဒေါ်မိုးချစ်ကြည်ဖြူ ၃။ ဦးဇော်ငွေး ၄။ ဦးမျိုးမင်းကို

(တရားလို ) (တရားပြိုင်များ)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ မအူပင်တက္ကသိုလ်ဝန်းနေ(ယခုနေရပ်လိပ်စာမသိ) ဦးမျိုးမင်းကို(ဘ) ဦးအေးကို သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းသန္တာကိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင့်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ဘုန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပုသိမ်ခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်နိုင်စိုး ၁၁/ပဏတ(နိုင်)၀၉၀၃၄၄၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၄၄၉၃၃၁**

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာမြို့နယ်၊ ညောင်ကန်အုပ်စု၊ သဲကုန်းကျေးရွာနေ မသင်းသင်းငြိမ်း၏ ဖခင် ဦးလွင်အောင်မြင့်(ခ)ဦးရဲထွန်း ၉/မသန(နိုင်)၀၇၈၄၉၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ်ကျေးရွာနေ ဦးအောင်ကျော်ဝင်း၏သား မောင်စိုးဝင်းထွန်း ၁၁/ပဏတ(နိုင်) ၁၀၅၆၈၅(၂၀၂၂ တက္ကသိုလ်ဝင်တန်းအောင်) ၏ အမည်မှန်မှာ မောင်စောဝင်းထွန်းဖြစ်ပါကြောင်း။

**မောင်စောဝင်းထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမွေလှိုင် ၁၃/လခန(နိုင်) ၀၂၃၈၈၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၉၄၄၈၂၆၇**

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**ပဲခူးခရိုင်တရားရုံးတော်၌**

**၂၀၂၀ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်-၅၈**

ဦးမြင့်အောင် နှင့် ဦးချစ်ဝင်းဦး

**တရားနိုင်** **တရားရှုံး**

ပဲခူးမြို့၊ အမှတ်(၅၀၄)၊ လိပ်ပြာကန်(၁)လမ်း၊ လိပ်ပြာကန်ရပ်ကွက်နေ ဦးချစ်ဝင်းဦး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၂၆ တွင် ကျန်ရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမြင့်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၀ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/73260, Honda C-90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောကလျာမိုး ၈/မခန(နိုင်) ၀၀၂၃၈၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/4666 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၁၃)လမ်း၊ မြေကွက်အမှတ်(M ၂၇)ဟုခေါ်တွင်သော ဒေါ်မြမြထွန်း(ပညာရေးဌာန)အမည်ပေါက် မြေကွက်၏ တောင်ဘက်ခြမ်း အလျား x အနံ (၂၀ x ၆၀) ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ရှိ လူနေအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးကျော်သူမျိုး ၉/မထလ(နိုင်) ၁၈၉၄၉၈ က လက်ရှိနေထိုင်လျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသဖြင့် ၎င်းထံမှ ပြန်လည်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းမြတ်အောင် ၁၂/သကတ(နိုင်) ၁၇၂၄၄၁က ဒေါ်ဇင်မာဝင်း (ဦးကျော်သူမျိုး၏ဇနီး)အား စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက် အမှတ် ၅၆၈၊ မြေကွက်တည်နေရာအမှတ် (၅၆၈)၊ စစ်ကိုင်းလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ(ဒေါ်သောင်းတင် အိုင်းအက်စ်အန်-၄၅၆၁၆၂)၊ ဦးလှမြင့် (ကေတီအန်- ၀၁၂၅၃၇) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၇၂/၂၀၂၂)၊ တရားလို ဦးဝင်းမောင်နှင့် ဦးရဲမင်းသွေးတို့မှ တရားပြိုင် ဒေါ်တင်နွယ်ဦးအပေါ် ပဋိညာဉ်အတိုင်း အိမ်နှင့်မြေကွက်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုခြင်းအပေါ် မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည့် စီရင်ချက်ဒီကရီနှင့် ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၁၅၅/၂၀၂၂ အမိန့်ကိုတင်ပြ၍ တရားရှုံး၏ တရားမဇာရီမှု အမှတ် -၁၅၅/၂၀၂၂ အမိန့်တို့တင်ပြ၍ တရားရှုံး ဒေါ်တင်နွယ်ဦးကိုယ်စား တရားရုံးဘီလစ် ဒေါ်ဂျူးဂျူးစန္ဒီကျော် ၁၂/ရကန(နိုင်)၁၂၁၄၂၀မှ ဂရန်မူရင်း၊ ဘီလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ အထက-၂ ရပ်ကွက်ကျောင်း၊ Grade (10-B)မှ မောင်နိုင်ထက်လင်းနှင့် မမိုးမိုးထက်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်စိုး ၇/ကတခ(နိုင်)၁၅၄၅၁၀ ဖြစ်ပါကြောင်း။

**ဦးတင်စိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/75264, Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံဝင်း ၁၄/ပသန(နိုင်) ၂၁၄၂၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/86784, SHAYAN 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတေဇာအောင် ၁၄/ပသန(နိုင်)၀၉၉၉၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်(အမည်ပြောင်း)ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | မူလအမည်ပေါက်သူ | ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဖုန်းမြတ်သစ်၊ ဒေါ်ဇင်ဝေဝေထက် | ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် | ၁၄/ကိုးသောင်း တိုးချဲ့(၂) | ၆၆၊ ၆၇ | ၀.၁၁၀ | ပြည်သာယာ | ပြောင်း |
| ၂ | ဦးဖုန်းမြတ်သစ်၊ ဒေါ်ဇင်ဝေဝေထက် | ဗိုလ်ကြီးထက်ချစ်ဆွေ | ၁၄/ကိုးသောင်း တိုးချဲ့(၂) | ၈၀၊ ၈၁ | ၀.၁၁၀ | ပြည်သာယာ | ပြောင်း |
| ၃ | ဦးရဲထွန်း၊ ဒေါ်စန်းစန်းထွေး | ဗိုလ်မှူးသန်းထွန်းအောင် | ၁၄/ကိုးသောင်း တိုးချဲ့(၂) | ၂၅ | ၀.၀၅၅ | ပြည်သာယာ | ပြောင်း |
| ၄ | ဦးကျော်ညီဖြိုး | ဦးဆန်းဝင်း | ၁၄/ကိုးသောင်း တိုးချဲ့(၂) | ၉၈ | ၀.၀၅၅ | ပြည်သာယာ | ပြောင်း |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကြော်ငြာစာ

ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ ပန်ဟိုက်ရပ်ကွက်၊ နယ်မြေ (၃)၊ ကွင်းအမှတ် (၉)၊ ပန်ဟိုက် မြို့မရပ်၊ ဦးပိုင်အမှတ် (၁၅)၊ မြေကွက်နံပါတ် (၂၄)၊ မြေဧရိယာ ၀ဒသမ၁၁၇ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၁၅၆/၁၉၄၉-၁၉၅၀ အရ (၁၉၅၇)မှ (၁၉၆၇)ထိ သက်တမ်း (၁၀)နှစ်ကို ဦးကံကောင်းအမည်ဖြင့် မြေငှားဂရန်ရရှိခဲ့ပြီး ယခုအခါ ဦးကံကောင်း ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် သားသမီးအရင်းအချာများဖြစ်ကြသော (၁) ဒေါ်စန်းရီ၊ (၂)ဦးအောင်ဝင်း၊ (၃) ဒေါ်စိန်ငွေး၊ (၄) ဒေါ်နန်းခင်အုန်းမြင့်တို့ (၄)ဦးအနက် ဦးအောင်ဝင်း၊ ဒေါ်စိန်ငွေး၊ ဒေါ်နန်းခင်အုန်းမြင့်တို့ (၃)ဦးသည် မိဘများခွဲဝေပေးသော အမွေပစ္စည်းများကို အသီးသီး လက်ခံရရှိပြီးဖြစ်ကြောင်းနှင့် အဆိုပါ နမ္မတူမြို့၊ ပန်ဟိုက်ရပ်ကွက်၊ နယ်မြေ (၃)၊ ဦးပိုင်အမှတ် (၁၅)၊ မြေကွက်အမှတ် (၂၄)၊ မြေဧရိယာ ၀ဒသမ၁၁၇ဧကအား စွန့်လွှတ်၍ ဒေါ်စန်းရီသို့ လွှဲပြောင်းပေးအပ်ကြောင်း နမ္မတူမြို့နယ်တရားရုံးတော်တွင် ကျမ်းသစ္စာကျိန်ဆို၍ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၄-၆-၂၀၂၁ရက်၌ အမှတ် (၃၃/၂၀၂၁)ဖြင့် တရားဝင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ဖော်ပြပါနေအိမ်နှင့် ပတ်သက်၍ ဦးအောင်ဝင်း၊ ဒေါ်စိန်ငွေး၊ ဒေါ်နန်းခင်အုန်းမြင့်တို့ (၃)ဦးမှ အမွေဆက်ခံခြင်းမပြုတော့ဘဲ ဒေါ်စန်းရီ တစ်ဦးတည်းကိုသာ အမွေဆက်ခံပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ သဘောတူညီပါကြောင်း အမွေစွန့်လွှတ်ခြင်းစာချုပ်တွင် လက်မှတ်ရေးထိုး၍ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅/၂၀၂၂)ဖြင့် တရားဝင် မှတ်ပုံတင်ထားရှိခဲ့ပြီး ဒေါ်စန်းရီအမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ ၁၅ ရက်ပြည့်မြောက်သည်အထိ ဤရုံးတွင် စာရွက်စာတမ်းအထောက်အထား ခိုင်မာစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဒေါ်စန်းရီအမည်ဖြင့် လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်မဲမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြိတ်တက္ကသိုလ်
## မြိတ်တက္ကသိုလ်နေ့သင်တန်း(၁၃)ကြိမ်မြောက်နှင့် အဝေးသင် သင်တန်းပထမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မြိတ်တက္ကသိုလ်ကကျင်းပပြုလုပ်ခဲ့သော(နေ့သင်တန်း) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/မဟာသိပ္ပံ(ဘွဲ့)နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံ(ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် နေ့သင်တန်း (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် (အဝေးသင်သင်တန်း) ၂၀၁၉ ပညာသင်နှစ်၊ ၂၀၂၀ ပညာသင်နှစ်တွင် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ၂၀၂၂ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လတို့တွင် ကျင်းပခဲ့သောစာမေးပွဲများကို အောင်မြင် ခဲ့ကြသည့် ကျောင်းသားကျောင်းသူများသည် အဝေးသင်သင်တန်း ပထမအကြိမ် ဘွဲ့နှင်းသဘင်တို့တွင် တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | ၁၅၀၀၀(ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့ကြေး | ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်း | (၁၂-၁၂-၂၀၂၂ ရက်မှ |
| ရမည့်ရက် | ၁၁-၁-၂၀၂၃ ရက်အထိ) |

**မှတ်ချက်**

၁။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူများသည် သင်တန်းရေးရာဌာန၊ အဝေးသင် ကျောင်းသား၊ ကျောင်းသူများသည် အဝေးသင်ဌာနတို့တွင် ရယူ၍ လွန်ခဲ့သော (၁)လအတွင်း ရိုက်ကူးထားသော (၂" x ၁/၂")၊ ဓာတ်ပုံ(၃)ပုံနှင့်အတူ ပူးတွဲ၍ပြည့်စုံစွာ ဖြည့်စွက်လျှောက်ထားကြရမည်။

၂။ သတ်မှတ်ဘွဲ့ကြေးများကို မြိတ်တက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်ဖြစ်ပါသည်။ အချိန်မီ လျှောက်ထားခြင်းမပြုလျှင် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ရမည်မဟုတ်ပါ။

၃။ ဘွဲ့စာမေးပွဲများကိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် မိတ္တူနှစ်မျိုးလုံး တင်ပြနိုင်မှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၅။ အဆိုပါ ပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာ ဘွဲ့အသီးသီးအတွက် ဘွဲ့လျှောက်ထားခြင်း မပြုရသေးသောသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို (၁၆-၁-၂၀၂၃) ရက်တွင် မြိတ်တက္ကသိုလ်၊ သင်တန်းရေးရာဌာန ကြော်ငြာသင်ပုန်းများတွင် ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြိတ်တက္ကသိုလ် သင်တန်းရေးရာဌာန၊ အဝေးသင်ဌာနတို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**မြိတ်တက္ကသိုလ်**

## မေတ္တာဖြင့် ပေးကမ်းပြီးကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် (ရွှေပေါက်ကံမြို့သစ်)၊ (၁၁)ရပ်ကွက်၊ တော်ဝင်လမ်း၊ မြေကွက်အမှတ် (၄၆၆)၊ ဧရိယာပေ (၂၀x၆၀)ရှိ ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သဉ္ဇာသိမ့် ၁၂/ဥကမ(နိုင်)၂၀၁၈၇၇မှ အဒေါ်ဖြစ်သူ ဒေါ်ခင်အုန်းမြင့် ၁၂/ဥကမ(နိုင်)၀၉၇၃၈၉ နှင့် သားသမီးများဖြစ်သူ (၁) မောင်လရောင်ထူးလွင် (၂)မပိုးပန်းချီ (၃) မကံ့ကော်မေမောင်တို့ကို အသိသက်သေစုံရာ၌ မေတ္တာဖြင့် အပြီးအပိုင် လွှဲပြောင်းပေးအပ်ပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တွယ်တာလင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၂၆၅)**
**ဖုန်း-၀၉-၄၀၃၁၃၃၃၂၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှင်းသာရပ်ကွက်၊ ရွှင်းသာမြို့ပတ်လမ်း၊ တိုက်အမှတ်(၁၄၂)၊ ဒုတိယထပ်၊ ၃-လွှာ(ဘီ)၊ အကျယ်အဝန်း (၁၂ ၁/၂' x ၅၀') ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်းအပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွှယ်သောရေ၊ မီး၊ အစုံအလင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန္ဒာခိုင်ဦး ၁၂/ကတတ(နိုင်) ၀၀၄၁၉၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါကဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းချမ်းစုရည်(LL.B,D.B.L,D.I.L,D.M.L) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၉၈

| | | |
|---|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ) (ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်) ၎င်း၏ကိုယ်စား ဒုတိယကြီးကြပ်ရေးမှူး ဦးအောင်ကျော်ဇော | **နှင့်** | ၁။ ဦးဆန်းနိုင် ၂။ ဒေါ်ခိုင်လေး |
| **တရားလို** | | **တရားပြိုင်များ** |

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ နယ်မြေ (၆)၊ ရန်အောင် (၂)လမ်း၊ မြေကွက်အမှတ် (၄၀-တ)နေ ဦးဆန်းနိုင်၊ ဒေါ်ခိုင်လေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ချေးငွေအတိုးအရင်းပေါင်းငွေ (၁၇၄၇၀၉၇၂.၀၇)ကျပ်အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းတင့်)**
**ခရိုင်တရားသူကြီး**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၃/ပန်းလှိုင်ကျုံးရိုး၊ ဦးပိုင်အမှတ်-၄၂၊ ဧရိယာ ၀ဒသမ၀၁၇ကေရှိ ဦးစံသိန်းအမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ပဲခူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်မြင့်မြင့်စန်း(ခ)သန်းသန်းထွေး ၇/ပခန(နိုင်)၁၈၅၅၅၀နှင့် ဒေါ်အေးငြိမ်းလှိုင် ၇/ပခန(နိုင်)၃၀၈၀၀၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးမြတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၁၈/၁၃)**
**အမှတ် (၉၂)၊ (၂၃)လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၅၀၆၈၄၅၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၆)လမ်း၊ မြေကွက်အမှတ်(၂၆၄)၊ အိမ်အမှတ်(၁၁)၊ (၆-လွှာ)၊ (6/B)၊ ဧရိယာ အကျယ်အဝန်း (၁၂ပေခွဲ x ၄၇ ပေ)ရှိသောတိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ယုယုလှိုင် ၁၂/ရပသ(နိုင်)၀၆၃၂၃၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးငြိမ်း ၁၂/ဥကမ(နိုင်) ၀၉၆၇၁၈မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့လဲ့ကြည် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၂)**
**အမှတ်(၃၉)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၁၃၄၀၁၀၊ ၀၉-၇၉၆၈၁၄၄၈၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ စိန်ပဒေသာလမ်း၊ အမှတ် (၇၅၈)နေ ဦးဘိုကြီး (TTE-၀၁၉၉၈၇) ၁၂/မရက(နိုင်)၁၁၄၁၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

